# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၅) ရက်၊ သောကြာနေ့ ၊ (7-7-2023) ၊ အတွဲ (၃၂)၊ အမှတ် (၀၆၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါကဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ (၁/၂၀၂၃)အစည်းအဝေးတက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ (၁/၂၀၂၃)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၆**

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ (၁/၂၀၂၃)အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားစာကြည့်တိုက် ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်နှင့် ဦးမျိုးသန့်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ဌာနဆိုင်ရာအကြီးအကဲများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



## ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခံစားရသည့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

စာမျက်နှာ - ၂၂

## တင့်တယ်ခမ်းနား ရုပ်ပွားတော်မြတ်ကြီးနှင့်အတူ အေးချမ်းပါစေ ပုဒ္ဓမြေ ဆောင်းပါး

စာမျက်နှာ - ၂၃

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လက်ရှိပြည်တွင်းနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ သံတမန်များကို ရှင်းလင်းပြောကြား

စာမျက်နှာ - ၁၆

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းအန္တရာယ်ကျရောက်ခံစားရသည့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ဟင်းသီးဟင်းရွက်များ၊စားသောက်ကုန်ပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

စာမျက်နှာ - ၂၁


**Myanmar Mobile Money(MMM)** ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။ မြန်မာနိုင်ငံအကောက်ခွန်ဦးစီးဌာနမှ Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။

- ငွေလွှဲခြင်း
- ငွေသွင်းငွေထုတ်ခြင်း
- ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
- လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း
- e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း။
- ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
- မြန်မာအာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း။

Myanmar MOBILE MONEY anywhere anytime anyone

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်တိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၁၊ ၀၉ ၃၁၀၀ ၁၅၂၂
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းပေါင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၁၂ ခုနှစ် ဇူလိုင် ၇ ရက်
အယ်ဒီတာ့အာဘော်

# ဆေးပညာခြေလှမ်းသစ် နှလုံးနိုးစက် CRT စက်ဖြင့် ကုသခြင်း

မြန်မာနိုင်ငံတွင် ပထမဆုံးနည်းပညာအသစ်ကို အသုံးပြု၍ နှလုံးနိုးစက်တပ်ဆင်ခြင်း၊ နှလုံးညှစ်အားကောင်းစေသောစက် တပ်ဆင်ခြင်းကို မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး နှလုံးနှင့်သွေးကြောရောဂါကုဌာန၌ လူနာငါးဦးကို တပ်ဆင်ကုသပေးရာတွင် ဇူလိုင် ၄ ရက်က အသက် ၆၆ နှစ်အရွယ် အမျိုးသားလူနာတစ်ဦး၊ အသက် ၆၅ နှစ်နှင့် အသက် ၆၄ နှစ်အရွယ် အမျိုးသမီးလူနာနှစ်ဦးတို့ကို တပ်ဆင်ကုသပေးခဲ့ပြီး ဆေးပညာနှင့်ကုသမှုနယ်ပယ်တွင် ခြေလှမ်းသစ်တစ်ခု စတင်လိုက်နိုင်ပြီဖြစ်သည်။

ဆက်လက်၍ ဇူလိုင် ၅ ရက်တွင် အသက် ၆၅ နှစ်နှင့် အသက် ၅၃ နှစ်အရွယ် အမျိုးသားလူနာနှစ်ဦးတို့ကို တပ်ဆင်ကုသခဲ့ကြောင်း ဝမ်းမြောက်ဖွယ်ကြားသိရသည်။ ဆေးပညာနယ်ပယ်တွင် စိန်ခေါ်မှုများစွာရှိနေသည့်အနက် နှလုံးနှင့်ပတ်သက်သော ဝေဒနာများလည်းပါဝင်ကြောင်း တွေ့ရသည်။ မွေးစကပင် နှလုံး၊ ရင်ခေါင်းပြင်ပ၌ပါလာသူ ကလေးငယ်များမှအစ နှလုံးအဆို့ရှင်ကျယ်ခြင်း၊ နှလုံးအဆို့ရှင်ကျဉ်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးခုန်မမှန်ခြင်း အပါအဝင် နှလုံးနှင့်ပတ်သက်သည့် ရောဂါဝေဒနာများအတွက် ကုထုံး၊ ဆေးဝါးနှင့် နည်းလမ်းများတွင် အပါအဝင်ဖြစ်သော ယခု နှလုံးနိုးစက်တပ်ဆင်ကုသခြင်းက နှလုံးပညာတိုးတက်မှုအဖြစ် နှလုံးနိုးစက်ကို နှလုံးခုန်နှုန်းနှေးခြင်း၊ ရပ်ခြင်းခံစားနေရသော လူနာများကိုသာမက နှလုံးညှစ်အားနည်းရောဂါ **(Heart Failure)** ရှိသည့်လူနာများကိုပါ နှလုံးညှစ်အားကောင်းလာစေရန် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ဝိုင်ယာကြိုးသုံးချောင်းတပ်ဆင်၍ နှလုံးခုန်မှန်ခြင်းဖြစ်စေသည့် **(Cardiac Resynchronization Therapy-CRT)** စက်တပ်ဆင်ခြင်းဖြင့် ထိရောက်သောကုသမှုရရှိကာ နှလုံးညှစ်အားနည်းရောဂါလူနာများ သက်ရှည်ကျန်းမာစွာနေထိုင်နိုင်မည်ဖြစ်ကြောင်း တွေ့ရသည်။

စက်တပ်ယာဉ်တစ်ခုတွင် အင်ဂျင်သည် အရေးပါသောပစ္စည်းတစ်ခုဖြစ်သကဲ့သို့ လူတစ်ယောက်တွင်လည်း နှလုံးသည် အဓိကကျသောခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း တွေ့နိုင်သည်။ အင်ဂျင်ချို့ယွင်းပျက်စီးသွားပါက စက်တပ်ယာဉ်ရွေ့လျားနိုင်ခြင်းမရှိဘဲ ရပ်ဆိုင်းရသကဲ့သို့ လူတစ်ယောက်၌ နှလုံးခုန်မှုချို့ယွင်းခြင်း၊ ရပ်ဆိုင်းသွားခြင်းဖြစ်ပေါ်ခဲ့ပါက ဆက်လက်အသက်ရှင်နိုင်ရန် မလွယ်ကူတော့ကြောင်း သိနိုင်သည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးနှင့် သွေးကြောရောဂါကုဌာနတွင် နှလုံးစက်တပ်ဆင်ကုသပေးခြင်းကို ၂၀၀၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်အထိ လူနာဦးရေ ၂၁၄၀ ကို မြန်မာနှလုံးအထူးကုဆရာဝန်ကြီးများကိုယ်တိုင် တပ်ဆင်ကုသမှုပေးခဲ့ပြီးဖြစ်ရာ ဆေးပညာနယ်ပယ်အတွက် မျှော်လင့်ချက်များရှင်သန်စေပြီဖြစ်သည်။ CRT စက်တပ်ဆင်ကုသခြင်းကို ၂၀၁၂ ခုနှစ်မှစတင်၍ နိုင်ငံခြားမှကျွမ်းကျင်နှလုံးအထူးကုဆရာဝန်ကြီးများနှင့်အတူ တပ်ဆင်ပေးနိုင်ခဲ့ရာ ယခုနှစ် ဇူလိုင် ၄ ရက်ထိ လူနာဦးရေ ၆၀ ကို ကုသမှုပေးနိုင်ခဲ့ပြီဖြစ်သည်။

မွေးဖွားချိန်မှ သေဆုံးချိန်မရောက်မီအထိ မရပ်မနားလှုပ်ရှား၍ခုန်နေရသော နှလုံးကို မပြတ်သောအသိ၊ သတိဖြင့် စောင့်ရှောက်မှုပြုရန်လိုအပ်သလို နှလုံးကျန်းမာရေးကို ထိခိုက်စေသည့် နေထိုင်ပြုမူကျင့်သုံးမှုများကို ဆင်ခြင်ရှောင်ရှားရန် လိုအပ်ပေသည်။

နှလုံးညှစ်အားနည်းသော လူနာများအတွက် ကြိုးသုံးချောင်းစက်ဖြင့် CRT ကို မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် တပ်ဆင်ကုသပေးနိုင်ခဲ့ခြင်းမှာ မြန်မာနိုင်ငံတွင် ပထမဆုံးဖြစ်ပြီး ဆေးပညာကုသမှုနယ်ပယ်အတွက် ခြေလှမ်းသစ်တစ်ရပ်ဖြစ်ရာ အဆင့်ဆင့်သောအောင်မြင်မှုများရရှိရန် ဆန္ဒပြုရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်အတွင်း ထောပတ်ပဲများ ဈေးကောင်းရရှိ

**မန္တလေး ဇူလိုင် ၆**

မန္တလေးဈေးကွက်အတွင်း ထောပတ်ပဲများ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

ထောပတ်ပဲဈေးနှုန်းမှာ ယခင်နှစ်ကာလတုန်းက ထောပတ်ပဲ(အပြားကြီး) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ ထောပတ်ပဲ(အသေး) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ သာရှိခဲ့သော်လည်း ယခုလက်ရှိတွင် ထောပတ်ပဲ (အပြားကြီး) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ ထောပတ်ပဲ(အသေး) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိပြီး ပြည်ပက ဝယ်ယူမှုများခြင်းကြောင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုရက်ပိုင်း ဈေးကွက်ထဲမှာ ထောပတ်ပဲတွေ ဈေးကောင်းရရှိနေပါတယ်။ ထောပတ်ပဲဟာဆိုရင် သိုလှောင်ထားသူတွေလက်ထဲမှာပဲ ရှိတော့တယ်။ တောင်သူတွေလက်ထဲမှာတော့ မျိုးလောက်ပဲရှိတော့ပါတယ်။ လက်ရှိမှာ ထောပတ်ပဲက ပြည်တွင်းစားသုံးမှုအနေနဲ့လဲ အဝယ်လိုက်နေတယ်။ ထောပတ်ပဲကို နှစ်စဉ် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ဥရောပနိုင်ငံတွေကို တင်ပို့ရောင်းချရပါတယ်။အခုတစ်လောမှာ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေက ဝယ်ယူနေတာတွေ့ရတယ်။ ထောပတ်ပဲ (အပြားကြီး)ကို ဂျပန်နဲ့ ဥရောပနိုင်ငံတွေက ကြိုက်နှစ်သက်ကြတယ်။ ထောပတ်ပဲကို တစ်နှစ်မှာ တစ်ရာသီပဲ ဆောင်းသီးနှံအနေနဲ့ စိုက်ပျိုးလို့ရပါတယ်"ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

ထောပတ်ပဲ အများဆုံးစိုက်ပျိုးသည့်ဒေသများမှာ မကွေးတိုင်းဒေသကြီးတွင် မင်းဘူး၊ ဆင်ဖြူကျွန်း၊ စလင်း၊ ဂန့်ဂေါ၊ မန္တလေးတိုင်းဒေသကြီးတွင် မလှိုင်၊ တောင်သာ၊ နွားထိုးကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကလေး၊ ကလေးဝနှင့် ရွှေဘိုဒေသတို့ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း SME Member Card ခွင့်ပြုထုတ်ပေးထားသည့် စက်မှုလုပ်ငန်း ၂၁၀ ကျော်ရှိ



**မန္တလေး ဇူလိုင် ၆**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း SME Member Card ခွင့်ပြုထုတ်ပေးထားသည့် စက်မှုလုပ်ငန်း ၂၁၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးထွန်းဆွေက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် SME Member Card လျှောက်ထားလာသည့် လုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးနေကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်း ၄၇၅ ခုကို SME Member Card လျှာထားထုတ်ပေးလျက်ရှိရာ ယနေ့အချိန်ထိ လုပ်ငန်း ၂၁၀ ကို ခွင့်ပြုထုတ်ပေးထားပြီး ဆက်လက်၍လည်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်း စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နည်းပညာရပ်တွေ၊ အကြံဉာဏ်တွေနဲ့ သင်တန်းပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်။ Member အသစ်လျှောက်ထားမှုတွေကိုလဲ အွန်လိုင်းစနစ်နဲ့ ဆောင်ရွက်ပေးနေပါတယ်။ သက်တမ်းတိုးတာတွေကိုလဲ ဆောင်ရွက်နေပါတယ်။ လျှောက်ထားလာတဲ့အခါမှာလဲ သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေနဲ့ ပြည့်စုံရင်ရပါတယ်။ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်မှာတော့ လုပ်ငန်း ၂၅၃ ခုကို ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒီဘဏ္ဍာနှစ်မှာလဲ လုပ်ငန်း ၂၁၀ ကျော်ကို Member Card ထုတ်ပေးထားပါတယ်" ဟု ဦးမျိုးထွန်းဆွေက ပြောပြသည်။

SME Member Card လျှောက်ထားလာသည့် လုပ်ငန်းများမှာ စားသောက်ကုန်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ သဘာဝအလှကုန်လုပ်ငန်း၊ ပန်းပုလုပ်ငန်း၊ ကျောက်ဆစ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း စသည့်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဇူလိုင် ၆**

မန္တလေး ကားဈေးကွက်တွင် ယခုတစ်ပတ်အတွင်း စလစ်ကပ်ကားများမှ တိုယိုတာဝစ်ရှ်၊ ကလူဂါကားများ အရောင်းအဝယ်ရှိလာပြီး ဖရီးပါမစ်ပို့င့်သရီးကားလေးများဖြစ်သည့် နံပါတ်ထွက်ပြီးသားကားဟောင်းများလည်း အရောင်းအဝယ်ရှိနေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ကားဈေးကွက်အတွင်း ယခင်ကဲ့သို့ အရောင်းအဝယ်ဖြစ်နေမှုမျိုး မဟုတ်သော်လည်း ပုံမှန် အရောင်းအဝယ်ရှိလာပြီး ကားဈေးနှုန်းများ တည်ငြိမ်စပြုလာကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူများက ပြောပြသည်။

ထို့ပြင် ငွေကျပ်သိန်း ၃၅၀ ခန့်ဈေးတန်းရှိ ကားလေးများလည်း အရောင်းအဝယ်ဖြစ်နေပြီး လုပ်ငန်းသုံးကား ၆၆၀ စီစီ မီနီထရပ် (ခွေးဘီလူး)ကားများမှ ဆူဇူကီးအမျိုးအစားများမှာ ငွေကျပ် သိန်း ၁၀၀ မှ သိန်း ၁၃၀ ခန့်၊ ဟိုက်ဂျက်မှာ ငွေကျပ် ၁၁၅ သိန်းမှ ၁၃၅ သိန်းခန့်ဈေးရှိကြောင်း၊ ငွေကျပ်သိန်း ၁၀၀ ခန့် ခွေးဘီလူးကားများ ပို၍ လှုပ်ရှားမှုများပြီး အရောင်းအဝယ်ဖြစ်မှု အနည်းငယ်သာရှိကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထိုသို့ တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ် ပြန်ရှိလာသော်လည်း ရောင်းချလိုသူများနေကြောင်း၊ အသစ်ဘီးများမှာ အဝယ်နည်းပြီး အရောင်းအဝယ်အေးနေဆဲဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click(ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၄ သိန်း၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ ခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄ သိန်းမှ ၁၇ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်)မှာ ငွေကျပ် ၁၅ သိန်း၊ Scoopy i ဘီးများမှာ ငွေကျပ် ၁၃ သိန်း ၅ သောင်းမှ ၁၅သိန်းခန့်၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး၊ 125 R၊ CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၃ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၉ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဉ့်ကိုင်မြို့နယ်၌ ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်

**စဉ့်ကိုင် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ထန်းသုံးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၅ ရက်က စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြင့်ခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာရမည့် ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းချက်များ၊ ကျေးရွာတွင်ထားရှိရမည့် ငွေစာရင်းပုံစံ ၁၀ မျိုးကို အမျိုးအစားအလိုက် ဖြည့်သွင်းနည်း၊ ချေးငွေလျှောက်လွှာနှင့် စာချုပ်ဖြည့်သွင်းနည်း၊ အစည်းအဝေးမှတ်တမ်းရေးသားနည်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာမှ လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက စီမံကိန်းဆိုင်ရာ ဘာသာရပ်များကို ဇူလိုင် ၅ ရက်မှ ၆ ရက်ထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချခဲ့ကြောင်း စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည်ဦးရေ ၄၅၀၀၀၀ ကျော် ဝင်ရောက်လည်ပတ်ခဲ့



**နေပြည်တော် ဇူလိုင် ၆**

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည်ဦးရေ ၄၅၀၀၀၀ ကျော် ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသန်းထံမှ သိရသည်။

မြန်မာနိုင်ငံသို့ ခြောက်လတာကာလအတွင်း နိုင်ငံတကာ ခရီးသွားဧည့်သည်များ ဝင်ရောက်ထားရာတွင် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ်နေပြီး ခရီးသွားအများစုမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှဖြစ်ကြောင်း သိရသည်။

"အခုနှစ် ခြောက်လတာကာလအတွင်း မြန်မာနိုင်ငံကို နိုင်ငံခြားသားခရီးသွားဧည့်သည် အယောက် ၄၅၀၀၀၀ ကျော် ဝင်ရောက်လည်ပတ်ခဲ့ပါတယ်။ နိုင်ငံခြားသား ခရီးသွားဧည့်သည် ဝင်ရောက်မှုအခြေအနေကတော့ အခုနှစ်မှာ တိုးတက်ဝင်ရောက်လာတယ်။ ၂၀၂၂ ခုနှစ် ဧပြီလက စတင်ပြီး မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာလေကြောင်းလိုင်းတွေကို ပြန်လည်ဖွင့်လှစ်ပြီးနောက် နိုင်ငံခြားသားခရီးသွားဧည့်သည် အယောက် ၂၃၀၀၀၀ ကျော် ဝင်ရောက်လည်ပတ်ခဲ့ပါတယ်"ဟု ဒေါ်မျိုးမျိုးသန်းက ပြောပြသည်။

မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံပေါင်း ၁၀၀ ကျော်တွင်ရှိသည့် ခရီးသွားဧည့်သည်များကို e-Visa နှင့် ဝင်ရောက်ခွင့်ပြုခြင်း၊ ဗီဇာဖြေလျှော့ပေးခြင်း၊ ခရီးစဉ်ဒေသများအကြောင်းအွန်လိုင်းမှကြော်ငြာခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရပ်ရွာလူထုအခြေပြု ခရီးစဉ်ဒေသများ ဖော်ဆောင်ခြင်းနှင့် သဘာဝအခြေခံခရီးစဉ်ဒေသ ဖော်ဆောင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ASH**

# ရေနံချောင်းမြို့နယ် စာဂီကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေတင်ခြင်းလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**ရေနံချောင်း ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စာဂီကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့် ဝန်ထမ်းများက စာဂီကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများအချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

စာဂီကျေးရွာ၌ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၀၅၆ သန်းအသုံးပြု၍ ဆိုလာစနစ်ဖြင့် ရေတင်ခြင်းလုပ်ငန်းများကို Pro Engineering ကုမ္ပဏီက ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပါက စာဂီကျေးရွာရှိ အိမ်ခြေ ၇၃ အိမ်၊ လူ ၂၇၇ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**နှံ့ယဉ်**

# ကြာအင်းဆိပ်ကြီးမြို့နယ် ကြခတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြခတ်ချောင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြခတ်ချောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# မင်းပြားမြို့နယ် ကံရွာကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းပြား ဇူလိုင် ၆**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကံရွာကျေးရွာ၌ VDPစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၅ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကံရွာကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြု၍ ကျေးရွာ၏ ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသန်း**



# ထာဝရကုသိုလ်ရပြီး ထာဝရပျော်နိုင်ကြပါစေ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

မြန်မာနိုင်ငံ၏ ရာသီဥတုသဘာဝအခြေအနေအရ နှစ်စဉ် ဇွန်လနှင့် ဇူလိုင်လတို့ကို သစ်ပင်များစိုက်ပျိုးသည့်လအဖြစ်သတ်မှတ်ကာ သစ်ပင်(ပျိုးပင်)မျိုးစုံကို စိုက်ပျိုးနေခဲ့ကြသည်။ အထူးသဖြင့် မိုးရွာသွန်းမှုသေချာသည့် ဇူလိုင်လတွင်သာ သစ်ပင်စိုက်ပျိုးမှုများပြားသည်။ **ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့သည် ဇူလိုင် ၇ ရက်**ဖြစ်သည်။

ထို့ပြင် ဇွန် ၅ ရက်**(ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့)**ကိုလည်းအကြောင်းပြု၍ နှစ်စဉ် ထိုနေ့နှင့် ထိုနေ့ဝန်းကျင်တွင်လည်း သစ်ပင်စိုက်ပျိုးပွဲတော်နှင့် ဟောပြောပွဲများကို ကျင်းပကြလေ့ရှိသည်။ သို့သော် ကိုယ်စိုက်ပျိုးခဲ့ကြသောသစ်ပင်များကို အနည်းစုကသာ ရှင်သန်ကြီးထွားအောင်ဂရုစိုက်ခဲ့ကြပြီး အများစုကတော့ ကိုယ်စိုက်ပျိုးထားကြသောသစ်ပင်များ ရှင်သန်မှု ရှိ၊ မရှိ ပြန်လှည့်မကြည့်ကြတော့ဘဲ ပစ်ထားကြလေ့ရှိသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် သစ်ပင်များ၊ သစ်တောများ၊ ချောင်း၊ မြစ်၊ ပင်လယ်နှင့် သမုဒ္ဒရာများ၊ တိရစ္ဆာန်များ(ကုန်း၊ ရေ၊ လေ)မြေအောက်သယံဇာတများ၊ နေအိမ်အဆောက်အအုံများနှင့် လူသားမျိုးနွယ်စုများကို ထိန်းသိမ်းစောင့်ရှောက်ကြရေးပင်ဖြစ်သည်။

ထိုလုပ်ငန်းများကို ထိခိုက်စေသော **“အယ်လ်နီညို”** နှင့် ကမ္ဘာ့လူသားများ မလွှဲမရှောင်သာပဲ ထိပ်တိုက်ကြုံတွေ့လာခဲ့ရသည်။ စပိန်ဘာသာစကားဖြစ်သော အယ်လ်နီညိုကို မြန်မာလို **“ရေနွေးစီးကြောင်း”**ဟုခေါ်သည်။ ၁၅၅၀ ပြည့်နှစ်ခန့်မှစ၍ ရေနွေးစီးကြောင်းရောက်လာချိန်တွင် ငါးများရှားပါးလာလေ့ရှိသည်ကို ရေလုပ်သားများက သတိထားမိခဲ့ကြရာမှ အယ်လ်နီညိုဖြစ်စဉ်ကို သိလာခဲ့ကြသည်။ ထိုအချိန်က အယ်လ်နီညိုကို ငါးများရှားပါးစေသော သာမန်ဖြစ်စဉ်ဟုသာ ထင်မှတ်ထားခဲ့ကြသည်။ ၁၉၈၂ ခုနှစ်သို့ရောက်ရှိမှသာ အယ်လ်နီညိုသည် ကမ္ဘာ့ရာသီဥတုကို လွန်စွာထိခိုက်စေသော ဖြစ်စဉ်မှန်းသိခဲ့ကြရသည်။

၁၉၈၂-၁၉၈၃ ခုနှစ်တွင် အယ်လ်နီညိုသည် ရေပြင်တွင်သာမက အထက်လေထုအတွင်းကိုပါ ထိုးဖောက်ဝင်ရောက်လာခဲ့သည်။ လေထုနှင့် ရေထုသည် အပြန်အလှန်အကျိုးသက်ရောက်မှုရှိနေလေရာ အယ်လ်နီညိုကြောင့် ရာသီဥတုမှာ ပုံမှန်မဟုတ်တော့ဘဲ ဖောက်ပြန်လာသည်။ အယ်လ်နီညိုဖြစ်စဉ်ကာလသည် တစ်နှစ်ခန့်အချိန်ကြာလေ့ရှိရာ ထိုကာလအတွင်းတွင် မိုးရွာသွန်းမှုလျော့နည်းတတ်ခြင်း၊ အပူချိန်တိုးမြင့်တတ်ခြင်း၊ မိုးခေါင်တတ်ခြင်း၊ မုတ်သုံအဝင်နောက်ကျတတ်ခြင်း၊ မုတ်သုံအထွက်စောတတ်ခြင်း၊ မုတ်သုံမိုးနည်းတတ်ခြင်း၊ မိုးလယ်ကာလ မိုးလျော့နည်းတတ်ခြင်း၊ မုန်တိုင်းများပုံမှန်ခန့်သာဖြစ်တတ်ခြင်း စသည့်ရာသီဥတုပြောင်းလဲမှုဒဏ်များကို ကြုံတွေ့ကြရလေ့ရှိသည်။

အယ်လ်နီညိုနှင့်ပတ်သက်၍ ကမ္ဘာ့သမိုင်းမှတ်တမ်းဝင် အဆိုးရွားအပြင်းထန်ဆုံး ၁၂ နှစ်ရှိခဲ့ကြောင်း၊ ၁၁ နှစ်တာကာလမှာ ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်ကာလအတွင်းဖြစ်ကြောင်း၊ ထိုကာလအတွင်း ၁၉၉၇-၁၉၉၈ ခုနှစ် အယ်လ်နီညိုဖြစ်စဉ်သည် အဆိုးရွားဆုံးစံတင်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာအရ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ၏ဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံကျော်ခဲ့ကြောင်း၊ လူဦးရေ ၁၄၀၀၀ ကျော် သေဆုံးခဲ့ပြီး လူဦးရေ ၁၁ သန်းကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ အိုးအိမ်များကို စွန့်ပစ်ပြောင်းရွှေ့ခဲ့ရသူ ဦးရေခြောက်သန်းကျော်ရှိခဲ့ပြီး စိုက်ပျိုးရေးမြေဧက ၅၆ သန်းကျော် ထိခိုက်ဆုံးရှုံးခဲ့ကြောင်း ကမ္ဘာ့ကုလသမဂ္ဂ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

၁၉၉၇-၁၉၉၈ ခုနှစ် အယ်လ်နီညိုဖြစ်စဉ်တွင် မြန်မာနိုင်ငံလည်း ခံစားခဲ့ရသည်။ အနယ်နယ်အရပ်ရပ်တွင် အပူဒဏ်ကြီးသောကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ နေ့စဉ်သေဆုံးခဲ့ကြရသည်။ တချို့လည်း အပူလျှပ်ဒဏ်ခံကြရပြီး လေဖြတ်ဝေဒနာ ခံစားခဲ့ကြရသည်။ တောင်သူများလည်း သီးနှံများ များစွာသောထိခိုက်မှုဒဏ်ကို ခံခဲ့ကြရသည်။

အယ်လ်နီညို၏အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းများစွာထဲတွင် အပူဒဏ်ကိုကာကွယ်နိုင်စွမ်းရှိပြီး ရာသီဥတုကို မျှတသာယာစေသော သစ်ပင်များ၊ တောအုပ်များနှင့် ဝေဆာနေကြသော တောတောင်များပေါများပွံ့ဖြိုးတိုးတက်တည်တံ့လာစေရန် ဝိုင်းဝန်းကြိုးစားကြရပေမည်။

**❖ တချို့ဆိုလျှင် ကုက္ကိုပင်ရိပ်တွင် မိသားစုလိုက် နားခိုစားသောက်နေကြလေရာ ပျော်ပွဲစားထွက်လာကြသည့်အလား အားကျပျော်စရာကောင်းလှသည်။ ထို့ကြောင့် တောင်ကတုံးများကြား ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးနှစ်ဖက် မည်သည့်အပင်မျှမရှိသော ကွက်လပ်တစ်ကြောတွင် အမြော်အမြင်ကြီးမားစွာ အရိပ်ရကုက္ကိုပင်ကလေးများ စိုက်ပျိုးထားကြသူများကို မည်သူမည်ဝါမှန်းမသိကြဘဲ ကျေးဇူးတင်နေကြသည်။❖**

ကျွန်တော်တို့နိုင်ငံသည် သစ်မျိုးစုံနှင့် သယံဇာတပေါကြွယ်ဝသောနိုင်ငံဖြစ်သောကြောင့် နယ်ချဲ့များက သဘောကျပြီး လောဘဇောဖြင့် သိမ်းပိုက်ခဲ့စဉ်က သဘာဝအလျောက်ပေါက်ရောက်ရှင်သန်နေကြသော သစ်တောကြီးများရှိခဲ့သည်။ ယခုတော့ မျိုးသုဉ်းပျက်သုဉ်း၊ တောင်ကတုံးများဘဝသို့ ကျရောက်သွားကြရာလေပြီ။ ထို့ကြောင့် တောင်ကတုံးများကိုသျှောင်ထုံးပေးကြဖို့ အထူးလိုအပ်နေပါပြီ။

**အကြောင်းမှာမူ ကမ္ဘာပေါ်ရှိ ရာသီဥတုအဆိုးရွားဆုံး ၁၀ နိုင်ငံထဲတွင် မြန်မာနိုင်ငံသည် နံပါတ် (၁) ၏နောက် နံပါတ် (၂) ဒုတိယအဆင့်တွင်ရောက်ရှိနေသောကြောင့်ပင်တည်း။**

ထို့ကြောင့်လည်း **“ဥတုရာသီတောကိုမှီ”**၊ **“သစ်ပင်ရိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ”**၊ **“သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်ခြိုက်ရွှေတိုက်ကိုရိုး”**၊ **“သစ်ပင်ရိုက်လျှင်တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ”**၊ **“သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေကို ထိန်းသိမ်းရို့”**၊ **“ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်ဝဖို့ သဘာဝတောတွေကို ထိန်းသိမ်းရို့”**ဟူသော ဆောင်ပုဒ်များကိုထုတ်ကာ သစ်ပင်စိုက်ပျိုးကြရန် လှုံ့ဆော်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံရှိ လူဦးရေအချိုးအစားအရ ထင်းလိုအပ်ချက်မှာတစ်နှစ်လျှင် ကုဗတန်သန်း ၂၀ ကျော်ရှိနေကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ၈၅ ရာခိုင်နှုန်းသည် ထင်းလောင်စာကိုသာ အသုံးပြုနေကြောင်း၊ သစ်တောပြုန်းတီးမှုဖြစ်ပေါ်ရခြင်းမှာလည်း ထင်းလောင်စာများကြောင့်ဖြစ်ကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဆွေးနွေးညှိနှိုင်း ဟောပြောလှုံ့ဆော်ချက်များအရ သိရသည်။

အထက်အညာဒေသရှိ သက်ရှည်၊ သက်ပျိုမန်ကျည်းပင်များလည်း အမွေးတိုင်ဘဝသို့ ကျရောက်သွားကြလေရာ ကြာလျှင် အရိပ်ရအပင်ကြီးများပျောက်ကွယ်သွားမည်ကိုပင် စိုးရိမ်နေရသည်။ ယခုဆိုလျှင် သက်ရှည်နှစ်ရှည်ထန်းပင်များပင် မျိုးသုဉ်းအောင်လုပ်ဆောင်လာကြသဖြင့် ကာကွယ်နေကြရသည်။

**“အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ”**က **“တောသင်တွေတော်တော်ရတ်ကြ၊ တောပြုတ်လိမ့်နောက်နောင်၊ တောရတ်လို့တောပြောင်၊ မိုးခေါင်တော့မှာပဲ၊ မိုးခေါင်လို့ ရေမကြွယ်၊ သဲပင်လယ်ဖြစ်လေ့မလွဲ”**ဟု စပ်ဆိုသတိပေးခဲ့သလို **“အာဆီယံကဗျာဆုရှင် မောင်စိန်ဝင်း(ပုတီးကုန်း)**ကလည်း **“ဥတုရာသီ”**ဟူသောခေါင်းစီးဖြင့် **“တစ်တောလုံးညို့မှ တစ်မြို့လုံးမှာ ရွာစုံ။ တစ်တောလုံးပြောင်၊ တစ်တောင်လုံးလင်းတဲ့နှစ်မှ မြို့တွင်းမှာ ပင်လယ်ဖြစ်၊ ရေနစ်သတဲ့”**ဟု စပ်ဆိုသတိပေးခဲ့သည်။

ကျွန်တော်သည် ယူနန်ပြည်နယ်ထဲသို့ စာပေတာဝန်ဖြင့် ၂၀၀၇ ခုနှစ်၊ ၂၀၀၉ ခုနှစ်တို့က နှစ်ကြိမ်ရောက်ဖူးခဲ့ရာ ထူးထူးခြားခြားဘာမျှမတွေ့ခဲ့ရပါ။ ၂၀၁၄ ခုနှစ် ဇွန်လဆန်းက စာပေဟောပြောပွဲသို့သွားရင်းက တတိယအကြိမ်ရောက်သွားသောအခါ အံ့အားသင့်ဖွယ်ကောင်းလှသည့် ထူးခြားဆန်းကြယ်မှုများကို ရင်သပ်ရှုမောဖွယ် တွေ့မြင်ခဲ့ရသည်။

ရွှေလီမြို့ထဲတွင် **“နာဂစ်တောအုပ်နှင့် နီကယ်တောတန်း”**အပြင် အခြားတောအုပ်ငယ်လေးများကို လေ့လာခွင့်ရခဲ့သည်။ မြန်မာနိုင်ငံတွင် နာဂစ်တုန်းက လဲကျခဲ့ကြသော ကုက္ကိုပင်ကြီးများအပါအဝင် သစ်ပင်ကြီးများကို တစ်ပင်လျှင် ငွေကျပ် ၁၀ သိန်း၊ ၁၅ သိန်းဖြင့် ဝယ်ယူသယ်ဆောင်လာခဲ့ကြပြီး ပြန်လည်အသက်သွင်းစိုက်ပျိုးထားကြသည်။

အမြစ်အထက်နားမှ ဖြတ်တောက်ထားသော သစ်လုံးကြီးများကို ကရိန်းများဖြင့်ထောင်မတ်ပြီး ရေများထည့်ထားသော တွင်းနက်ကြီးများထဲသို့ထည့်ကာ ဆေးဖျန်းပေးကြသည်။ တစ်လခန့်အကြာတွင် အမြစ်ဖြူလေးများထွက်လာကြသည်။ ထိုအမြစ်ဖြူလေးများ သန်မာလာသောအခါ အောက်ဆီဂျင်ဆေးထိုးပေးကြသည်။ အမြစ်လက်တက်ပွားလေးများ မြေကြီးထဲစိုက်ဝင်သွားပြီး ပင်စည်ကြီးကိုထိန်းနိုင်ပြီဟု စိတ်ချရတော့မှ ကရိန်းများကို ဖယ်ရှားလိုက်ကြသည်။ ပင်စည်ထိပ်ဖျားမှလည်း အခက်အညွန့်များထွက်ပေါ်လာကြသည်။ ခေတ်မီသိပ္ပံနည်းကျပြောင်းရွှေ့စိုက်ပျိုးနည်းဟု ခေါ်သည်။

ကျွန်တော်တို့နိုင်ငံတွင် အသုံးမဝင်သောလက်ပံတုံးများသည် အခက်အညွန့်တဝေဝေနှင့် ရှင်သန်နေကြသည်။ ကျွန်တော်တို့နိုင်ငံတွင် အသုံးမဝင်ဖြစ်နေသော နာဂစ်ဒဏ်ခံသစ်ပင်ကြီးများသည် ရွှေလီတွင် **“နာဂစ်တောအုပ်”** ဘဝသို့ ရောက်ရှိရှင်သန်နေလေပြီ။ လက်ပံတောင်းတောင်ယူရှီနီယံစီမံကိန်းကြောင့် ခုတ်လှဲခဲ့ကြသော သစ်ကိုင်းအခက်အလက်များကိုလည်း ထင်းလောင်စာအဖြစ်အသုံးပြုရန်ဟု သယ်ဆောင်လာခဲ့ကြပြီး ပြန်လည်စိုက်ပျိုးခဲ့ကြရာ **“ယူရှီနီယံသစ်တောတန်း”**၊ **“နီကယ်သစ်တောတန်း”**ဘဝသို့ ရောက်ရှိရှင်သန်နေလေပြီ။

ထိုမျှသာမကသေးပေ။ ကျယ်ဂေါင်မြို့လယ် လမ်းဘေးတစ်လျှောက်၌ ယခင်က ပန်းပင်လှလှလေးများကိုသာ အလှစိုက်ပျိုးထားခဲ့ရာမှ ယခုဆိုလျှင် အသီးအခိုင်များပြွတ်ခဲနေကြသော ပိန္နဲပင်များက တန်းစီနေရာယူထားကြလေပြီ။ ထိုပိန္နဲပင်များအပါအဝင် စိန်ပန်းပင်များ၊ ပိတောက်ပင်များကိုလည်း ကျွန်တော်တို့နိုင်ငံထဲမှ ဝယ်ယူသယ်ဆောင်လာခဲ့ကြပြီး သိပ္ပံနည်းကျဆေးထိုးစိုက်ပျိုးထားခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် တရုတ်လူမျိုးများက မြန်မာသစ်ပင်များဖြင့် တောအုပ်ဖြစ်အောင်လုပ်နေကြသော်လည်း မြန်မာနိုင်ငံတွင် မြန်မာလူမျိုးတချို့က တောပြုတ်အောင်လုပ်နေကြလေရာ ရင်ထုမနာကောင်းလှသည်။ မနှစ်မြို့ဖွယ်ခံစားကြရသည်။ ယိုသူမရှက် မြင်သူရှက်စရာကောင်းလှသည်။

ဤနေရာတွင် စံပြုအတုယူစရာ **“လူမှုအကျိုးပြု မြန်မာမုဒိတာ ပရဟိတဖောင်ဒေးရှင်း”**၏ စွမ်းဆောင်မှုကို တင်ပြလိုပါသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အသွားအပြန် အစုန်အဆန်ခရီးစဉ်ပေါင်းများစွာသွားလာခဲ့ကြသော ကျွန်တော်အပါအဝင် ခရီးသည်တိုင်းသည် လမ်းဘေးဝဲယာတစ်လျှောက်၌ အစီအရီလှလှပပစိုက်ပျိုးထားကြသော အရိပ်ရကုက္ကိုပင်လေးများကိုကြည့်ပြီး ပီတိဖြစ်နေကြရသည်။ တစ်ခါတစ်ရံတွင် ကားကိုရပ်နားကာ ကုက္ကိုပင်ရိပ်တွင် နားခိုရသည့်အရသာကို တသသဖြစ်နေကြရသည်။ တချို့ဆိုလျှင် ကုက္ကိုပင်ရိပ်တွင် မိသားစုလိုက် နားခိုစားသောက်နေကြလေရာ ပျော်ပွဲစားထွက်လာကြသည့်အလား အားကျပျော်စရာကောင်းလှသည်။

ထို့ကြောင့် တောင်ကတုံးများကြား ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးနှစ်ဖက် မည်သည့်အပင်မျှမရှိသော ကွက်လပ်တစ်ကြောတွင် အမြော်အမြင်ကြီးမားစွာ အရိပ်ရကုက္ကိုပင်ကလေးများ စိုက်ပျိုးထားကြသူများကို မည်သူမည်ဝါမှန်းမသိကြဘဲ ကျေးဇူးတင်နေကြသည်။ ကုက္ကိုပင်ကလေးများအရိပ်ကြောင့် အေးမြကြည်နူးကြရသလို ကုက္ကိုပင်စိုက်ပျိုးကြသူများကိုလည်း ပူပန်သောကကြောင့်ကြကင်းဝေးစွာ အေးမြကြည်သာ လိုရာဆန္ဒပြည့်ဝကြပါစေဟုလည်း ဆုမွန်ခြွေနေကြသည်။

လူမှုအကျိုးပြု မြန်မာမုဒိတာပရဟိတဖောင်ဒေးရှင်းကြီး၏ လုပ်ငန်းစဉ် ငါးရပ်အနက် **“နှစ်စဉ်အရိပ်ရသစ်ပင်များရိုက်ပျိုးရန်”**ဟူသော လုပ်ငန်းစဉ်လည်းပါဝင်သည်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး လမ်းဘေးဝဲယာတွင် အရိပ်ရကုက္ကိုပင်ပေါင်း ၃၀၀၀၀ ကျော်ကို တစ်ပင်နှစ်တစ်ပင် ပေ ၃၀ စီခြားပြီး ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်က စိုက်ပျိုးခဲ့ကြသူများမှာ **“လူမှုအကျိုးပြု မြန်မာမုဒိတာပရဟိတဖောင်ဒေးရှင်း”**မှ အမှုဆောင်ကော်မတီဝင်များ၊ အသင်းဝင်များနှင့် ဝန်ထမ်းများဖြစ်ကြောင်းသိခဲ့ရာ ပိုမို၍ မုဒိတာပွားနေကြရသည်။ ကုက္ကိုပင်များ၏သက်တမ်းမှာ ၁၁ နှစ်ပင် ပြည့်ပေတော့မည်။ လမ်းတိုးချဲ့သည့်ထဲ ပါမသွားကြပါစေနှင့်ဟု ဆုတောင်းနေရသည်။

**“လူမှုအကျိုးပြု မြန်မာမုဒိတာပရဟိတဖောင်ဒေးရှင်း”**အနေဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဘေးနှစ်ဖက်တွင် ကုက္ကိုပင်များစိုက်ပျိုးခဲ့ရုံသာမက ရန်ကုန်မြို့ဝန်းကျင်တွင် သစ်ပင်မျိုးစုံကို သောင်းနှင့်ချီပြီးစိုက်ပျိုးခဲ့သလို ဧကနှင့်ချီပြီးစိုက်ပျိုးခဲ့ရာ နုတ်လူသာဓုခေါ်ဆိုထိုက်ပါပေသည်။

အကြောင်းမှာမူ **“ကေနီပါတ် ဘမ္ဗဝတ်တော်”**တွင် မြတ်ဗုဒ္ဓက **“ထာဝရကုသိုလ်ခြောက်မျိုးထဲမှာ သီးပင်၊ ပန်းပင်၊ အရိပ်ရိစရာသစ်ပင်ကြီးများရိုက်ပျိုးခြင်း”**ဆိုသော ထာဝရကုသိုလ်တစ်မျိုးပါဝင်ကြောင်း ဟောပြောထားသောကြောင့်ပင်တည်း။ သစ်ပင်မျိုးစုံစိုက်ပျိုးနေကြသူများသည် ထာဝရကုသိုလ်ကို အလိုလိုရနေကြသူများဖြစ်သည်။

**“သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားခိုနိုင်သည်”**ဟူသော စကားပုံပင်ရှိနေသည်မဟုတ်ပါလား။ သစ်ပင်တစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တစ်ဆောင်လှူဒါန်းသည်နှင့်တူသည်။ ထို့ပြင် **“နွယ်မြက်သစ်ပင်**

**စာမျက်နှာ ၅ သို့ ➤**

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၀၈၄၈ ဧက စိုက်ပျိုးပြီးစီး

**အင်းတော် ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၀၈၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်တွင် မိုးသီးနှံစုံ ၆၉၁၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၈၄၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အင်းတော်မြို့နယ်မှာ ဒီနှစ် မိုးသီးနှံစုံဧက ၆၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ မနှစ်က မိုးသီးနှံစုံဧက ၆၈၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အင်းတော်မြို့နယ်မှာ မိုးသီးနှံစုံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။



ယခင်နှစ်က စိုက်ပျိုးခဲ့သော ပြောင်းစိုက်ခင်းကို တွေ့ရစဉ်

သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ဖူးစားပြောင်းဧက ၈၀၀၊ ကြက်ပေါင်စေး ၁၅၂ ဧက၊ ဟင်းခတ်အမွှေးအကြိုင် ၂၅ ဧက၊ လျှော်ဖြူဧက ၂၀၊ ကွမ်းရွက် ၁၉ ဧက၊ ကြံ ၁၀ ဧက၊ ဟင်းသီးဟင်းရွက်ဧက ၃၄၀၀၊ ငှက်ပျော ၈၅၃ ဧက၊ အုန်း ဧက ၃၀၀၊ ထန်း ၁၀ ဧက၊ ကွမ်းသီး ခုနစ်ဧက၊ သစ်သီးပင် ၂၄၅၂ ဧက၊ အခြားသီးနှံဧက ၂၈၀၀ စုစုပေါင်း ၁၀၈၄၈ ဧက ဖြစ်ကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစုံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မိုးစပါးဧက ၅၅၉၈၀၊ ဆီထွက်သီးနှံ ဧက ၂၇၀၊ စားဖိုဆောင်သီးနှံ ၄၉ ဧက၊ စက်မှုကုန်ကြမ်းသီးနှံ ၃၆ ဧက၊ ပရဆေး ၃၂ ဧက၊ အခြားသီးနှံ ၅၄၈၇ ဧက၊ နှစ်ရှည်သီးနှံ ၇၂၅၁ ဧက စုစုပေါင်း ၆၉၁၀၅ ဧကဖြစ်ကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၅၅၉၈၅ ဧက၊ ဆီထွက်သီးနှံဧက ၂၈၀၊ ပြောင်းသီးနှံဧက ၉၃၀၊ ဟင်းခတ်အမွှေးအကြိုင် ၇၄ ဧက၊ စက်မှုသီးနှံ ၁၇၂ ဧက၊ ကွမ်းရွက် ၂၆ ဧက၊ အခြားသီးနှံ ၁၁၂၅၈ ဧက စုစုပေါင်း ၆၈၇၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ်အတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ တောင်သူမှတောင်သူ မျိုးစေ့များဖလှယ်ခြင်း၊ မိုးသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးခြင်း၊ သဘာဝမြေဆွေးပြုလုပ်နည်း ပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

**ဆေးဖက်ဝင်**"၊ "**ဥတုရာသီ တောကိုမှီ၏**"ဟူသော ဆိုစကားများလည်းရှိသည်။

ဘုရားရှင်အဆူဆူပွင့်တော်မူခဲ့ရာ၌ သစ်ပင်များနှင့်မကင်းကြသည်ကိုလည်း မှတ်သားမိသည်။ ဝိပဿီဘုရားရှင်သည် "**သခွတ်ပင်**"၌ ပွင့်တော်မူခဲ့သည်။ သိခီဘုရားရှင်သည် "**သရက်ပင်**"၌ ပွင့်တော်မူခဲ့သည်။ ဝေဿဘူဘုရားရှင်သည် "**အင်ကြင်းပင်**"၌ ပွင့်တော်မူခဲ့သည်။ ကကုသန်ဘုရားရှင်သည် "**ကုက္ကိုပင်**"၌ ပွင့်တော်မူခဲ့သည်။ ကောဏာဂုံဘုရားရှင်သည် "**ရေသဖန်းပင်**"၌ ပွင့်တော်မူခဲ့သည်။ ကဿပဘုရားရှင်သည် "**ပင်ညောင်ပင်**"၌ ပွင့်တော်မူခဲ့သည်။ ဂေါတမဘုရားရှင်သည်"**ညောင်ဗုဒ္ဓဟောပင်**"၌ ပွင့်တော်မူခဲ့သည်။

ထို့ပြင် "**သစ်ပင်ကြီးမျိုး**" ခုနစ်မျိုးရှိရာ ကုက္ကိုပင်(အရှေ့ကျွန်း)၊ ထိန်ပင်(အနောက်ကျွန်း)၊ သပြေပင်(တောင်ကျွန်း)၊ ပဒေသာပင်(မြောက်ကျွန်း)၊ ပင်လယ်ကသစ်ပင်(တာဝတိံသာနတ်ပြည်)၊ သခွတ်ပင်(အသူရာပြည်)၊ လက်ပံပင်(ဂဠုန်ပြည်)ဟူ၍ သတ်မှတ်ထားသည်။ "**ကုက္ကိုပင်**"သည် သစ်ပင်ကြီးမျိုးထဲတွင်ပါဝင်နေပြန်ရာ ထူးခြားမှုတစ်မျိုးတိုးလာခဲ့သည်။

ပုဂံခေတ်က အနော်ရထာမင်းကြီးကအစ ကျန်စစ်သားမင်းကြီးထိ ထန်းပင်ပေါင်း ၁၀၀၀၊ မန်ကျည်းပင်ပေါင်း ၁၀၀၀ ကို ပြည်သူ့အင်အားဖြင့် စိုက်ပျိုးခဲ့ကြကြောင်း စာအုပ်တစ်အုပ်ထဲတွင် ဖတ်ရှုမှတ်သားခဲ့ရသည်။ အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ ဦးဆောင်ပြီး ပြည်သူ့အင်အားဖြင့် စိုက်ပျိုးခဲ့ကြသော ထန်းပင်များနှင့် မန်ကျည်းပင်တချို့ သက်တမ်းကြာ၍ ပျောက်ဆုံးသွားကြသလို လက်ရှိလူများအလွဲသုံးစားပြုလုပ်နေကြသဖြင့် ပျောက်ဆုံးသွားခဲ့ကြရပြန်သည်။

မြန်မာနိုင်ငံ၏ ရေမြေသဘာဝအရ တောပြုန်းနေမှုများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ၏ အကူအညီဖြင့် စိမ်းလန်းစိုပြည်အောင် လုပ်ဆောင်ကြရန်ဖြစ်သည်။ ပုပ္ပားတောင်ကတုံးကို သျှောင်ထုံးအောင်စွမ်းဆောင်နိုင်ခဲ့ကြသည်။ နာဂစ်ကြောင့် ပျောက်ကွယ်သွားခဲ့ကြသော သစ်ပင်ကြီးငယ်များ၏နေရာတွင် ပင်ပျိုများက အစားထိုးဝင်ရောက်နေရာယူနေကြလေပြီ။

နှစ်စဉ် ဇွန်လနှင့် ဇူလိုင်လကို သစ်ပင်များစိုက်ပျိုးလအဖြစ် သတ်မှတ်ကာ စိုက်ပျိုးခဲ့ကြသော်လည်း နောက်ပိုင်းတွင် ထိန်းသိမ်းစောင့်ရှောက်မှုမရှိကြသောကြောင့် ပျိုးပင်များသေကုန်ကြလေ့ရှိရာ အချည်းနှီးဖြစ်နေကြသည်။

သို့ဖြစ်ရာ သစ်ပင်မျိုးစုံကိုတစ်နိုင်တစ်မစိုက်ပျိုးကြပြီး ရှင်သန်အောင်ဂရုစိုက်ကြပါ။ အပင်ပျိုး စိုက်ပျိုးကြသူဥယျာဉ်မှူးများအဖြစ် တာဝန်ကျေပွန်ကြစေချင်သည်။ ထာဝရကုသိုလ်ရပြီး ထာဝရပျော်နိုင်ကြပါစေ။

## လူသားဆန်သော်

\- သူ့လိုအင် ဘာတွေရှိလဲ
ကိုယ်သိက ကူညီပါ
လူသားချင်းစာ၊
ဉာတကာနုဂ္ဂဟသင်္ဂဟာ
မြတ်ဗုဒ္ဓါ ဟောမြွက်ကြား၊
ပေးကမ်းရာ အောင်မြင်ခြင်းမို့
လက်ငင်းကျိုးများ။

\- လူကိုလေ တန်ဖိုးထားလို့
လေးစားကြ များသူငါ
ကျင့်ဝတ်လိုက်နာ၊
ကိုယ့်ကြောင့်ဖြင့် တစ်ပါးမှာ
နာကျင်ရာ မရှိရေး၊
ကြံစည်ကာ ပြောဆိုမှုကို
ပြုကြနဲ့လေး။

\- လူမှန်လျှင် နှစ်ဖက်ရေးဖို့
မျှတွေးလို့ ကြံစည်ပါ
ကောင်းကျိုးရည်ကာ၊
စုစည်းကြ ညီညာ
ပြည်ရွာကို သာဘိတောင်း၊
အတ္တမာန် ခဝါချသော်
ချမ်းမြေ့စေကြောင်း။

\- အဆိုးမြင် အတိတ်ဟောင်း
ပြန်ပြောင်းလို့ မတွေးရာ
ဝေးသို့ဖယ်ခွာ၊
အနာဂတ် ဤကမ္ဘာ
အဖြေရှာ သာစေအံ့၊
လူသားဆန်သော်
မှုများ မှန်ကန်လို့
တစ်ယူသန် မာန်ဆိတ်သုဉ်းကာ
ရှင်ပြုံးလတ္တံ့။ ။

**စန်းထက်(ဖန်ခါးမြေ)**

# မိုးကောင်းမြို့နယ် ထုံးရေပေါက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်း

**မိုးကောင်း ဇူလိုင် ၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုံးရေပေါက်ကျေးရွာအုပ်စု ထုံးရေပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူဝင်းက စီမံကိန်း၏ ရည်ရွယ်ချက်များ၊ သဘောသဘာဝများ၊ လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ထုံးရေပေါက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

## နိုင်ငံတကာ သတင်းများ

# တောင်အာဖရိကတွင် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် သေဆုံးသူ ၁၇ ဦးထိ ရှိလာ

**ဂျိုဟန်နက်စဘတ် ဇူလိုင် ၆**

တောင်အာဖရိကနိုင်ငံ ဂေါ်တန်ပြည်နယ် ဆင်းရဲသားရပ်ကွက်တစ်ခု၌ဖြစ်ပွားခဲ့သော ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် သေဆုံးခဲ့ရသူအရေအတွက်မှာ ၁၇ ဦးထိရှိလာပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဇူလိုင် ၅ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့သော အဆိုပါဓာတ်ငွေ့ယိုစိမ့်မှုဖြစ်စဉ်သည် တရားမဝင် သတ္တုတူးဖော်ရေး လုပ်ငန်းတစ်ခုနှင့် ဆက်စပ်နေဖွယ်ရှိကြောင်း တောင်အာဖရိက တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်စဉ်၏ နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ပြီး ယိုစိမ့်ခဲ့သည့်ဓာတ်ငွေ့အမျိုးအစားကိုပါ ဖော်ထုတ်ရန် တောင်အာဖရိကတာဝန်ရှိသူများက ကြိုးစားလျက်ရှိသည်။

အဆိုပါဓာတ်ငွေ့ယိုစိမ့်မှုဖြစ်စဉ်သည် ဘော့ခ်စဘာ့ဂ်အမည်ရှိမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကလည်း အဆိုပါမြို့မှာပင် ဓာတ်ငွေ့တင်ယာဉ်တစ်စီးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူအများအပြားသေဆုံး၍ နေအိမ်နှင့် မော်တော်ယာဉ်များ ပျက်စီးခဲ့ရဖူးကြောင်း သိရသည်။

တရားမဝင် သတ္တုခိုးတူးမှုများသည် တောင်အာဖရိကနိုင်ငံ၏ သယံဇာတတူးဖော်ရေးလုပ်ငန်း၌ နှစ်ပေါင်းများစွာရှိခဲ့သော ပြဿနာတစ်ရပ်ဖြစ်ကြောင်း သိရသည်။

KKO

# မက္ကဆီကိုမြောက်ပိုင်း၌ ယာဉ်မတော်တဆမှုဖြစ်ပွား အနည်းဆုံး ၂၉ ဦးသေဆုံး၍ ၁၉ ဦး ဒဏ်ရာရရှိ

**မက္ကဆီကိုစီးတီး ဇူလိုင် ၆**

မက္ကဆီကိုနိုင်ငံ မြောက်ပိုင်း ဝါရာကာပြည်နယ်၌ ဇူလိုင် ၅ ရက်က ခရီးသည်တင်ဘတ်စကားတစ်စီး လျှိုထဲထိုးကျခဲ့ရာ အနည်းဆုံး လူပေါင်း ၂၉ ဦးသေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါယာဉ် မတော်တဆမှုအတွင်း ဒဏ်ရာရရှိသူ ၁၉ ဦးရှိခဲ့ရာ ၁၄ ဦးကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဒဏ်ရာပြင်းထန်သူ ငါးဦးကို ဝါရာကာပြည်နယ်မြို့ ဆေးရုံသို့လေကြောင်းဖြင့် ပို့ဆောင်ပေးထားကြောင်း မက္ကဆီကိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မက္ကဆီကိုစီးတီးမြို့မှ ထွက်ခွာလာသော ယင်းခရီးသည်တင်ဘတ်စကားသည် ဝါရာကာပြည်နယ် မဂ္ဂဒါလီနာအမည်ရှိမြို့အနီးတွင် လျှိုထဲထိုးကျခဲ့ရခြင်းဖြစ်သည်။

အခင်းဖြစ်ပွားချိန်တွင် ယာဉ်မောင်းအနေဖြင့် မော်တော်ယာဉ်ကို ထိန်းချုပ်နိုင်စွမ်း ရှိခဲ့ပုံမရကြောင်း မက္ကဆီကိုတာဝန်ရှိသူများက သုံးသပ်ထားသည်။

မက္ကဆီကိုနိုင်ငံ နယ်စွန်နယ်ဖျားဒေသများရှိ တောင်ပေါ်လမ်းများ၌ မော်တော်ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်သည်။

ယခုနှစ် ဖေဖော်ဝါရီလကလည်း မက္ကဆီကိုအနောက်ပိုင်း၌ ခရီးသည်တင်ယာဉ်တစ်စီးချောက်ထဲထိုးကျခဲ့ရာ လူပေါင်း ၁၈ ဦး သေဆုံး၍ အများအပြား ဒဏ်ရာများရခဲ့ကြောင်း သိရသည်။

KKO



# ရုရှားပစိဖိတ်ရေတပ်မှ စစ်သင်္ဘောနှစ်စီး တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ဆိပ်ကမ်းသို့ရောက်ရှိ



**ပေကျင်း ဇူလိုင် ၆**

ရုရှားပစိဖိတ်ရေတပ်မှ ဂရွမ်ကီယာနှင့်ဆိုဗာရှန်ညီအမည်ရှိ ဖရီးဂိတ်စစ်သင်္ဘောနှစ်စီးသည် တရုတ်နိုင်ငံရှန်ဟိုင်းမြို့ဆိပ်ကမ်းသို့ ဇူလိုင် ၅ ရက်တွင် ရောက်ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါရုရှားစစ်သင်္ဘောနှစ်စီးသည် ခုနစ်ရက်ကြာရှန်ဟိုင်းဆိပ်ကမ်းခရီးစဉ်အတွင်း တရုတ်ရေတပ်စစ်ရေးလေ့ကျင့်မှုများ၌ ပူးပေါင်းပါဝင်ရန်စီစဉ်ထားကြောင်း တရုတ်နိုင်ငံပိုင် သတင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဂရွမ်ကီယာနှင့် ဆိုဗာရှန်ညီ စစ်သင်္ဘောများသည် တရုတ်နိုင်ငံသို့လာရောက်စဉ် ဇွန် ၁၀ ရက်တွင် တရုတ်(တိုင်ပေ)ကို ဖြတ်သန်းခဲ့ပြီး ယခုလ အစောပိုင်းရက်များတွင် ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းအနီးမှဖြတ်သန်းခဲ့သည်။

အဆိုပါ ရုရှားစစ်သင်္ဘောနှစ်စီး တရုတ်(တိုင်ပေ)အနီးမှ ဖြတ်သန်းစဉ် ဂျပန်နိုင်ငံက စစ်သင်္ဘောများစေလွှတ်၍ ခြေရာခံစောင့်ကြည့်ခဲ့ရသည်။

ဂရွမ်ကီယာနှင့် ဆိုဗာရှန်ညီ စစ်သင်္ဘောများသည် ဗလာဒီဗော့စတော့မြို့၌ အခြေစိုက်ထားသော ရုရှားပစိဖိတ်ရေတပ်မှစစ်သင်္ဘောများဖြစ်ကြသည်။

အမေရိကန်နိုင်ငံ ဦးဆောင်သည့် အနောက်အုပ်စုနိုင်ငံများနှင့် စစ်ရေး၊ စီးပွားရေးဆက်ဆံမှုများ တင်းမာနေချိန်တွင် ရုရှား၊ တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံကြား စစ်ရေးဆက်ဆံမှုများကို မြှင့်တင်လျက်ရှိကြောင်း သိရသည်။ KKO

# ၂၀၂၂ ခုနှစ်အတွင်း ယူအေအီးနိုင်ငံသို့ဝင်ရောက်ခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံထိရှိ

**ဒူဘိုင်း ဇူလိုင် ၆**



၂၀၂၂ ခုနှစ်အတွင်း အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံသို့ ဝင်ရောက်ခဲ့သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် ၂၀၂၁ ခုနှစ်ကထက် ၁၀ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံထိရှိလာခဲ့ကြောင်း ကုလအစီရင်ခံစာတစ်ရပ်ကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဇူလိုင် ၅ ရက်တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ်အတွင်းတစ်ကမ္ဘာလုံးအတိုင်းအတာအရ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကုလသမဂ္ဂ၏ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုအစီရင်ခံစာ(၂၀၂၃)၌ ဖော်ပြထားသည်။

သို့သော် ယူအေအီးနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ဂျီစီစီ) အဖွဲ့ဝင်နိုင်ငံခြောက်နိုင်ငံသို့ ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုး၏ ၆၀ ရာခိုင်နှုန်းခန့်ကို ယူအေအီးတစ်နိုင်ငံတည်းကရယူနိုင်ခဲ့ကြောင်း အဆိုပါအစီရင်ခံစာ၏အဆိုအရသိရသည်။

ယူအေအီးနိုင်ငံသည် အာရပ်ကမ္ဘာ၏ ဒုတိယမြောက် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းအမြန်ဆုံး အာရပ်နိုင်ငံဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသ၏ စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံကမူ ၂၀၂၂ ခုနှစ်အတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတန်ဖိုးပမာဏကို အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ ဘီလီယံထိသာ ရယူနိုင်ခဲ့သည်။

ဝင်ငွေအတွက် ဟိုက်ဒရိုကာဗွန်သယံဇာတများကိုသာ အားပြုထားရသည့် ပင်လယ်ကွေ့အာရပ်နိုင်ငံများသည် ဝင်ငွေအရင်းအမြစ်များနှင့် စီးပွားရေးနယ်ပယ်သစ်များကို တိုးချဲ့ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။ KKO

# ဒုတိယကမ္ဘာစစ်အတွင်း နော်မန်ဒီကမ်းတက်တိုက်ပွဲ၌ ပါဝင်ခဲ့သည့် ပြင်သစ်ကွန်မန်ဒို လီယွန်ဂေါ်တီယာ ကွယ်လွန်

**ပဲရစ် ဇူလိုင် ၆**

ဒုတိယကမ္ဘာစစ်ကာလအတွင်း ဒီ-ဒေးတိုက်ပွဲ ခေါ် နော်မန်ဒီကမ်းတက်တိုက်ပွဲ၌ မဟာမိတ်တပ်များနှင့်အတူပါဝင်ခဲ့ပြီး ယနေ့ထိသက်ရှိထင်ရှား နောက်ဆုံးကျန်ရစ်ဆဲဖြစ်သည့် ပြင်သစ်ကွန်မန်ဒို လီယွန်ဂေါ်တီယာသည် ဇူလိုင် ၃ ရက်တွင် ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြင်သစ် ကွန်မန်ဒိုဟောင်း ဂေါ်တီယာသည် ကွယ်လွန်ချိန်တွင် အသက် ၁၀၀ ရှိပြီဖြစ်သည်။

ဂေါ်တီယာသည် ဒီ-ဒေး ကမ်းတက်တိုက်ပွဲအတွင်း မဟာမိတ်တပ်များနှင့်အတူ ပြင်သစ်နိုင်ငံ နော်မန်ဒီကမ်းခြေသို့ တက်ရောက်ခဲ့သော ပြင်သစ်ကွန်မန်ဒို ၁၇၇ ဦးထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

နော်မန်ဒီ ကမ်းတက်တိုက်ပွဲ၌ ပါဝင်ချိန်တွင် ဂေါ်တီယာ၏အသက်မှာ ၂၁ နှစ်သာ ရှိသေးသည်။

ဂေါ်တီယာသည် ယခုနှစ်အတွင်း ကျင်းပခဲ့သည့် ဒီ-ဒေး ကမ်းတက်တိုက်ပွဲ ၇၉ နှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားသို့ ပြင်သစ်သမ္မတ မက်ခရွန်နှင့်အတူ တက်ရောက်ခဲ့သည်။

၁၉၄၄ ခုနှစ်တွင် ဆင်နွှဲခဲ့သော နော်မန်ဒီ ကမ်းတက်တိုက်ပွဲသည် ဂျာမနီနာဇီတပ်များလက်မှပြင်သစ်နိုင်ငံ လွတ်မြောက်ရေးအတွက် ဆင်နွှဲခဲ့သည့် ကမ်းတက်တိုက်ပွဲဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## စကြဝဠာစတင်ပေါ်ထွက်ပြီးခါစ၌ အချိန်ကာလသည် လက်ရှိအချိန်ထက် ပို၍နှေးကွေးခဲ့



**ဆစ်ဒနီ ဇူလိုင် ၆**

စကြဝဠာစတင်ပေါ်ထွက်ပြီး ခါစ၌ အချိန်ကာလသည် လက်ရှိ အချိန်ထက် ပို၍နှေးကွေးခဲ့ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇူလိုင် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီ တက္ကသိုလ်မှသိပ္ပံပညာရှင်များသည် ကွာဆာ ခေါ် စွမ်းအင်အလွန်မြင့်မားသည့် မဟာအာကာသတွင်း နက်ကြီးများကို လေ့လာစူးစမ်းခဲ့ကြကြောင်း သိရသည်။

လေ့လာမှုမှပေါ်ထွက်လာသည့် ရလဒ်များအရ စကြဝဠာစတင်ပေါ်ထွက်ခဲ့ပြီး နှစ်ပေါင်း တစ်ဘီလီယံခန့်အကြာ လွန်ခဲ့သောနှစ်ပေါင်း ၁၂ ဒသမ ၃ ဘီလီယံခန့်က အချိန်ဖြတ်သန်းမှုအမြန်နှုန်းသည် ယနေ့ခေတ် အချိန်ဖြတ်သန်းမှုမြန်နှုန်း၏ ငါးပုံ တစ်ပုံခန့်သာ ရှိခဲ့ကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဩစတြေးလျသိပ္ပံပညာရှင်များ၏ အထက်ပါတွေ့ရှိချက်သည် ကမ္ဘာကျော်သီအိုရီ ရူပဗေဒပညာရှင်ကြီး အဲလ်ဘတ်အိုင်းစတိုင်း၏ ယေဘုယျနှိုင်းရသီအိုရီ ခန့်မှန်းချက်တစ်ရပ် မှန်ကန်ကြောင်းထောက်ခံလျက်ရှိသည်။

အတိတ်ကာလက စကြဝဠာကြီး၏ ရွေ့လျားမှုမှာ ယနေ့ကာလထက် ပိုနှေးကွေးကြောင်း ယေဘုယျနှိုင်းရသီအိုရီ၌ အိုင်းစတိုင်းက ခန့်မှန်းထားသည်။

စကြဝဠာ၏ အလင်းအား အကောင်းဆုံး အာကာသဒြပ်ထည်များဖြစ်သည့် ကွာဆာများကို စကြဝဠာ အတိတ်သမိုင်းအား လေ့လာရာတွင် သိပ္ပံပညာရှင်များက နာရီများသဖွယ် အသုံးပြုလေ့ရှိကြောင်း သိရသည်။

KKO

## ကမ္ဘာဂြိုဟ်က လုံးဝခြောက်သွေ့သည့်ကျောက်သားကျောက်ခဲများဖြင့် စတင်ဖွဲ့စည်းဖြစ်ပေါ်ခဲ့ရာမှ နောက်ပိုင်းတွင် ရေဓာတ်ရောက်ရှိလာခြင်းဖြစ်နိုင်

**ဝါရှင်တန် ဇူလိုင် ၆**

ကမ္ဘာဂြိုဟ်သည် လုံးဝခြောက်သွေ့သည့် ကျောက်သားကျောက်ခဲများဖြင့် စတင်ဖွဲ့စည်းဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းမှသာ ရေဓာတ် ရောက်ရှိလာခြင်းဖြစ်နိုင်ကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိ ကမ္ဘာဂြိုဟ်သည် မြေမျက်နှာပြင် ၇၁ ရာခိုင်နှုန်းကို ရေများဖုံးလွှမ်းထားသော ဂြိုဟ်တစ်စင်းဖြစ်ရာ အဆိုပါရေဓာတ်များ မည်သို့ဦးစွာရောက်ရှိခဲ့သည်ဆိုသောအချက်မှာ သိပ္ပံပညာရှင်များကြား ဆွေးနွေးငြင်းခုံရဆဲအကြောင်းအရာတစ်ရပ်ဖြစ်သည်။

ကမ္ဘာပေါ်သို့ ဂြိုဟ်သိမ်များကျရောက်မှုနှင့်အတူ ရေဓာတ်ရောက်ရှိလာကြောင်း အချို့သိပ္ပံပညာရှင်များက ယုံကြည်ထားသလို ကမ္ဘာပေါ်ရှိအစောဆုံးရေဓာတ်ကို ကမ္ဘာကြီးကိုယ်တိုင် ထုတ်လုပ်ပေးခဲ့ကြောင်းလည်း အချို့သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။



သို့ရာတွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကမ္ဘာကြီးသည် ခြောက်သွေ့သည့်ကျောက်သား၊ ကျောက်စိုင်များဖြင့် စတင်ဖြစ်ပေါ်လာခြင်းဖြစ်ပြီး နောက်ပိုင်းမှသာ ရေဓာတ်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကမ္ဘာဂြိုဟ်၏ ၈၅ ရာခိုင်နှုန်းဖွဲ့စည်းဖြစ်ပေါ်ပြီးချိန်မှသာ ရေဓာတ်အပါအဝင် သက်ရှိများအတွက် လိုအပ်သည့်ဓာတ်များ ရှိလာခြင်းဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏အဆိုအရ ကမ္ဘာမြေ၏အတွင်းပိုင်းတွင် ရေဓာတ်အပါအဝင် အလွယ်တကူ အငွေ့ပြန်နိုင်သောဓာတုပစ္စည်းများ ကင်းမဲ့နေပြီး အထက်ကျောက်လွှာများတွင်မူ အဆိုပါဓာတုပစ္စည်းများကို ပေါများစွာတွေ့ရကြောင်း သိရသည်။

KKO

## ဥရောပအာကာသအေဂျင်စီက အာရီယာနီ-၅ ဒုံးပျံနောက်ဆုံးမစ်ရှင်ကို ဇူလိုင် ၅ ရက်တွင် လွှတ်တင်ခဲ့

**ပါရီ ဇူလိုင် ၆**

ဥရောပအာကာသအေဂျင်စီသည် အာရီယာနီ-၅ ဒုံးပျံနောက်ဆုံးမစ်ရှင်ကို ဇူလိုင် ၅ ရက်တွင်လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

ဥရောပအာကာသအေဂျင်စီသည် ဂြိုဟ်တုနှစ်စင်းသယ်ဆောင်ထားသည့် အာရီယာနီ-၅ ဒုံးပျံကို ပြင်သစ်ဂီယာနာကိုရူးအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မိနစ် ၃၀ အကြာတွင် အာရီယာနီ-၅ ဒုံးပျံသည် ၎င်း၏ နောက်ဆုံးမစ်ရှင်အဖြစ် သယ်ယူထားသည့် ဂြိုဟ်တုနှစ်စင်းကို သက်ဆိုင်ရာပတ်လမ်းများပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် အာရီယာနီ-၅ ဒုံးပျံများကို ၁၉၉၆ ခုနှစ်ကပင် စတင်လွှတ်တင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်ထိ ဥရောပ အာကာသအေဂျင်စီသည် အာရီယာနီ-၅ ဒုံးပျံ မစ်ရှင်ပေါင်း ၁၁၇ ကြိမ်ထိ လွှတ်တင်ခဲ့ပြီး ဂြိုဟ်တုနှင့် အာကာသယာဉ် ၅၃၉ စင်းကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် အာရီယာနီ-၅ ဒုံးပျံများနေရာတွင် အာရီယာနီ-၆ ဒုံးပျံသစ်များ အစားထိုးသုံးစွဲရန် ရည်ရွယ်ထားကြောင်း သိရသည်။ KKO

# HEALTH

## ကင်ဆာဆေးတစ်မျိုးက နာတာရှည်ထိပ်ကပ်နာရောဂါကုသရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိ

**အက်ဆန်စီယွန် ဇူလိုင် ၆**

ကင်ဆာရောဂါဆေးတစ်မျိုးသည် နာတာရှည်ထိပ်ကပ်နာရောဂါ (Chronic Sinusitis) ကိုကုသရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

ထိပ်ကပ်နာရောဂါသည် နှာခေါင်းနောက်ဘက် လေအိတ်များနှင့် လေလမ်းကြောင်းများ ရောင်ရမ်းပိတ်ဆို့နေချိန်တွင် ဖြစ်ပွားတတ်သည့် ရောဂါတစ်မျိုးဖြစ်သည်။

သို့ရာတွင် ကင်ဆာရောဂါကုသရာတွင် အသုံးပြုသောဓာတုကုထုံးတစ်ခုဖြစ်သည့် Paclitaxel ဆေးသည် ထိပ်ကပ်နာရောဂါကို ကုသရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း ပါရာဂွေးနိုင်ငံ အက်ဆန်စီယွန် အမျိုးသားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Paclitaxel ဆေးသည် တစ်ရှူးဆဲလ်များ လျင်မြန်စွာပုံတူပွားမှုကို တားဆီးပေးခြင်းဖြင့် အမာရွတ်တစ်ရှူးများပေါ်ထွက်လာမှုကိုထိန်းချုပ်ပေးသော ဆေးဖြစ်ကြောင်း သိရသည်။

Paclitaxel ဆေး၏ အထက်ပါ အာနိသင်သည် ထိပ်ကပ်နာရောဂါအပေါ်တွင်လည်း အလားတူ အကျိုးသက်ရောက်မှုမျိုးရှိနိုင်ကြောင်း ပါရာဂွေးသုတေသနပညာရှင်များက ယူဆထားသည်။

လက်ရှိအချိန်တွင် ပါရာဂွေးသုတေသနပညာရှင်များသည် Paclitaxel ဆေး၏အာနိသင်ကို ထိပ်ကပ်နာလူနာများဖြင့် ပဏာမစမ်းသပ်လျက်ရှိကြောင်း သိရသည်။

KKO

## အင်ဆူလင်ထိုးဆေးတစ်မျိုးက ပုံစံ-၂ ဆီးချိုရောဂါလူနာများ ကျန်းမာရေးကို ပြောင်းလဲပေးနိုင်

**နယူးယောက် ဇူလိုင် ၆**

သီတင်းတစ်ပတ်လျှင် တစ်ကြိမ်သာထိုးနှံရန်လိုအပ်သည့် အင်ဆူလင်ထိုးဆေးကုထုံးတစ်မျိုးသည် ပုံစံ-၂ ဆီးချိုရောဂါ လူနာများအတွက် အပြောင်းအလဲဖန်တီးပေးနိုင်မည့် အင်ဆူလင်ထိုးဆေးဖြစ်လာနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် Icodec အမည်ရှိ အဆိုပါ အင်ဆူလင်ထိုးဆေးသစ်ကို ပုံစံ-၂ ဆီးချိုလူနာများဖြင့် လက်တွေ့စမ်းသပ် ကုသခဲ့ပြီးနောက် ၎င်းဆေး၏အာနိသင်နှင့် တစ်ရက်တစ်ကြိမ်ထိုး အင်ဆူလင်ထိုးဆေးဖြစ်သည့် Degludec တို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှထွက်ပေါ်လာသည့်ရလဒ်များအရ Icodec အင်ဆူလင်ထိုးဆေးသည် ၎င်းထိုးဆေးရယူပြီး သီတင်းပတ် ၂၆ ပတ်အကြာတွင် လူနာများ၏သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့်ကို များစွာပို၍ လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အင်ဆူလင်ဟော်မုန်းသည် ဆဲလ်များအတွက် သကြားဓာတ်ကို စွမ်းအင်အဖြစ်ပြောင်းလဲပေးနိုင်ရန် ပန်ကရိယအင်္ဂါကထုတ်ပေးသည့် ဟော်မုန်းဖြစ်သည်။

လူ့ကိုယ်ခန္ဓာအတွင်းရှိ ဆဲလ်များက အင်ဆူလင်ဟော်မုန်းကို တုံ့ပြန်နိုင်စွမ်းမရှိတော့သည့်အချိန်တွင် ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်ပွားတတ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် Icodec ဆေး၏အာနိသင်ကို တတိယအဆင့်လက်တွေ့စမ်းသပ်မှုဖြင့် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ရတနာပုံအက်ဖ်စီအသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် ဇူလိုင် ၆**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့်မြဝတီအက်ဖ်စီအသင်း တို့ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ် ခဲ့သည်။

အဆိုပါပွဲစဉ်တွင်ပွဲစကတည်းက ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ဂိုးသွင်းခွင့် များရရှိခဲ့သော်လည်း တိုက်စစ် ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ပထမပိုင်း တွင် ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံး ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် နှစ်သင်း စလုံးပိုမိုတိုက်စစ်ဆင်ပြီး အပြန် အလှန်ဖိအားပေးခဲ့ရာမှ ပွဲချိန် ၆၇ မိနစ်တွင် နိုင်ဇင်ထက်က မြဝတီ အက်ဖ်စီအသင်းအတွက် ဦးဆောင် ဂိုးသွင်းယူနိုင်ခဲ့သည်။

ဦးဆောင်ဂိုး ပေးခဲ့ရပြီးနောက် ရတနာပုံအက်ဖ်စီအသင်းက ပိုမို တိုက်စစ်ဆင်ဖိအားပေးခဲ့ရာမှ ပွဲပြီး ဆုံးခါနီး ၈၉ မိနစ်တွင် ထက်လှိုင် မင်းက ရတနာပုံအက်ဖ်စီအသင်း အတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သော ကြောင့် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

အဆိုပါ ပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို မြဝတီအက်ဖ်စီအသင်းမှ တိုက်စစ် မှူး နိုင်ဇင်ထက်ကရရှိခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၁)ပွဲစဉ်များ အားလုံးပြီးဆုံးချိန် တွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၂၉ မှတ်ဖြင့် အမှတ်ပေး ဇယားထိပ်ဆုံးမှ ရပ်တည်ခဲ့ပြီး ရာသီဝက် ချန်ပီယံဖြစ်ခဲ့ကြောင်း သိရသည်။ STA

# တောင်ပံကစားသမားဒီမာရီယာ ဘင်ဖီကာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိ

**ရောမ ဇူလိုင် ၆**

ဂျူဗင်တပ်အသင်းမှ အလွတ် ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခဲ့ သည့်တောင်ပံကစားသမားဒီမာရီယာ သည် ဥရောပကစားသမားဘဝ စတင်ခဲ့သည့် ဘင်ဖီကာအသင်း သို့ ပြန်လည်ပြောင်းရွှေ့ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့ တွင် ဖော်ပြခဲ့သည်။

အသက် ၃၅ နှစ်ရှိ တောင်ပံ ကစားသမား ဒီမာရီယာသည် ပြီးခဲ့ သည့်ဘောလုံးရာသီက ဂျူဗင်တပ် အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေး ဖြင့် ရောက်ရှိခဲ့ပြီးနောက် အသင်း နှင့်အတူ အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိခဲ့သော်လည်း ဒဏ်ရာ ပြဿနာကြောင့် ပွဲကစားခွင့်နည်းပါး ခဲ့ရသကဲ့သို့ အသင်းနှင့် အဆင် မပြေမှုများရှိခဲ့သဖြင့် ဘောလုံး ရာသီကုန်ဆုံးချိန်တွင် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီး ယခုအခါ အသင်းဟောင်း ဘင်ဖီကာအသင်း သို့ တစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ ခဲ့ခြင်းဖြစ်သည်။

ဒီမာရီယာသည် ၂၀၀၇ ခုနှစ် က အာဂျင်တီးနားကလပ် ရိုဆာရီရို စင်ထရယ်အသင်းမှ ဘင်ဖီကာ အသင်းသို့ ရောက်ရှိခဲ့ပြီး အသင်း နှင့်အတူ ဘောလုံးရာသီ သုံးရာသီ ကစားပြီးနောက် ၂၀၁၀ ပြည့်နှစ် တွင် ရီးရဲလ်မက်ဒရစ်သို့ လည်း ကောင်း၊ ၂၀၁၅ ခုနှစ်တွင် ပီအက်စ် ဂျီအသင်းသို့လည်းကောင်း ပြောင်း ရွှေ့ကစားခဲ့ပြီး အဆိုပါ အသင်းများ နှင့်အတူ အမှတ်ပေးချန်ပီယံဖလား၊ ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့ သကဲ့သို့ ပြီးခဲ့သည့် ဘောလုံးရာသီ က ဂျူဗင်တပ်အသင်းသို့ ပြောင်း ရွှေ့ခဲ့ကာ ခြေစွမ်းပြကစားနိုင်ခဲ့ သောကြောင့် ကမ္ဘာ့ဖလားတွင် အာဂျင်တီးနား အသင်းနှင့်အတူ ပါဝင်ခွင့်ရခဲ့ပြီး အသင်းအား ကမ္ဘာ့ဖလားရရှိအောင် စွမ်းဆောင် ပေးနိုင်ခဲ့ကြောင်း သိရသည်။

တောင်ပံကစားသမား ဒီမာ ရီယာ၏ ခြေစွမ်းပိုင်းကို နှစ်သက် သည့် ဂျူဗင်တပ်အသင်းတာဝန်ရှိသူ များက ကစားသမားကို စာချုပ်သစ် ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သော်လည်း လက်မခံဘဲ တစ်နိုင်ငံတည်းသား အသင်းဖော် ကစားသမားရှိသည့် အော့တမန်ဒီ၏ ဘင်ဖီကာ အသင်း သို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ပြီး အသင်းဟောင်းနှင့်ပြန်လည် ပူးပေါင်း ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML




# ကွင်းလယ်ကစားသမား ဆန်ချိုကို ပြန်လည်ခေါ်ယူမည်မဟုတ်ကြောင်း ဒေါ့မွန်အသင်းပြောကြား

**ဘာလင် ဇူလိုင် ၆**

ဒေါ့မွန်အသင်းသည် ကွင်း လယ်ပိုင်းတွင် အားနည်းချက်များ ရှိနေသော်လည်း မန်ယူအသင်း ကစားသမား ဆန်ချိုအား ပြန်လည် ခေါ်ယူမည်မဟုတ်ဘဲ အသင်းမှ လူငယ်ကစားသမား ဒူရန်ဗီလီနှင့် မက်ကင်နီတို့ကိုသာ အသုံးပြုရန် ဆုံးဖြတ်ထားသည်ဟု ပြောကြား ခဲ့ကြောင်း ဒေးလီးမေးလ်သတင်း ဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆန်ချိုသည် ၂၀၂၁ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလက ဒေါ့မွန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇၃ သန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် အိုးထရက်ဖို့ဒ်တွင် ပုံမှန်ပွဲကစားခွင့် ရရှိရန် ရုန်းကန်ခဲ့ရကာ ခြေစွမ်းပိုင်း ကျဆင်းခဲ့သောကြောင့် လက်ရှိ အပြောင်းအရွှေ့ကာလတွင် မန်ယူ အသင်းက ကွင်းလယ်တိုက်စစ် ကစားသမားဆန်ချိုအား စတာလင် ပေါင် ၄၅ သန်းဖြင့် ပြန်လည် ရောင်းချရန် စီစဉ်နေကြောင်း သိရသည်။

လက်ရှိတွင် ဒေါ့မွန်အသင်း သည် ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်ကို ရောင်းချပြီးနောက် အသက် ၁၇ နှစ်ရှိ လူငယ်ကစား သမား ဒူရန်ဗီလီနှင့်အစားထိုးရန် ဆုံးဖြတ်ထားပြီး ဂျူဗင်တပ်အသင်း ကစားသမား မက်ကင်နီကိုလည်း ခေါ်ယူရန် ကြိုးပမ်းနေသောကြောင့် ကွင်းလယ်ကစားသမား ဆန်ချိုကို ပြန်လည်ခေါ်ယူမည့် သတင်းများ ကို ငြင်းဆိုထားပြီး ခေါ်ယူမည် မဟုတ်ကြောင်း အတည်ပြုပြော ကြားခဲ့သည်။

ဒေါ့မွန်အသင်းသည် ပြီးခဲ့ သည့်ဘောလုံးရာသီက ဘယ်လ်ဂျီယံ ကလပ် အန်ဒါလက်ကစားသမား ဒူရန်ဗီလီကို ကာလရှည်စာချုပ်ဖြင့် ခေါ်ယူခဲ့ပြီးနောက် အသင်းတွင် ပါဝင်ခဲ့သည့် ပွဲစဉ်များတွင် ကစား သမား၏ စွမ်းဆောင်ရည်ကောင်း များကြောင့် ယခုနှစ်ဘောလုံးရာသီ တွင် အသင်းကြီး၌ နေရာပေး၍ ကွင်းလယ်တိုက်စစ်ပိုင်းတွင် အသုံး ပြုသွားမည်ဖြစ်သကဲ့သို့ မန်ယူ အသင်းမှ ပြန်လည်ရောင်းချမည့် ဆန်ချိုကို ခေါ်ယူမည်မဟုတ်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ML

## အားကစားသတင်း အတိုအထွာများ

- စပိန်တင်းလစ္စဘွန်းအသင်းက ကိုဗင်ထရီ ကစားသမား ဂိုကာရက်စ်ကို ပြောင်းရွှေ့ကြေး ယူရို ၂၄ သန်းဖြင့် ခေါ်ယူ ရန် ကြိုးပမ်းခဲ့ရာ ဆွေးနွေးမှုနောက်ဆုံးအဆင့်သို့ ရောက်ရှိနေ ကြောင်း သိရသည်။
- ပီအက်စ်ဂျီအသင်းက ရီးရဲလ်မက်ဒရစ် တောင်ပံကစားသမား အဆန်စီယိုကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူ၍ ၂၀၂၆ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့သည့်အပြင် ခံစစ်ကစားသမား စကရင်နေယားကိုလဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း အတည်ပြုထုတ်ပြန် ခဲ့သည်။
- အာဆင်နယ်အသင်းနည်းပြ အာတီတာ၏ လက်ထောက် နည်းပြဖြစ်သည့် စတိဗ်ရောင်းက နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်း၍ အသင်းမှ ထွက်ခွာခဲ့ကြောင်း သိရသည်။

ML

# ယူရို ၂၀၂၃ ယူ-၂၁ ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အင်္ဂလန်အသင်းနှင့်စပိန်အသင်းတို့ တွေ့ဆုံ

**ဘာတူမီ ဇူလိုင် ၆**

ရိုမေးနီးယားနှင့် ဂျော်ဂျီယာ နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် ယူရို ၂၀၂၃ ယူ-၂၁ ပြိုင်ပွဲတွင် အင်္ဂလန်အသင်း က အစ္စရေးအသင်းကို သုံးဂိုးပြတ် ဖြင့်လည်းကောင်း၊ စပိန်အသင်းက ယူကရိန်းအသင်းကို ငါးဂိုး တစ်ဂိုး ဖြင့်လည်းကောင်း အနိုင်ရခဲ့သော ကြောင့် အင်္ဂလန်အသင်းနှင့် စပိန် အသင်းတို့ ဗိုလ်လုပွဲစဉ်တွင် တွေ့ဆုံနေကြောင်း ESPN သတင်း ဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်အသင်းသည် အဆိုပါ ပြိုင်ပွဲ အုပ်စု (C) တွင် သုံးပွဲစလုံး အနိုင်ရခဲ့ပြီး အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက် ရောက်နိုင်ခဲ့ကာ ကွာတားဖိုင်နယ် အဆင့်တွင် ပေါ်တူဂီအသင်းနှင့် တွေ့ဆုံခဲ့သော်လည်း တစ်ဂိုး ဂိုးမရှိ ဖြင့် အနိုင်ယူ၍ ဆီမီးဖိုင်နယ်သို့ ရောက်ရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် တွင် အုပ်စုတွင်း ပြိုင်ဘက်အစ္စရေး အသင်းနှင့် ထပ်မံတွေ့ဆုံခဲ့သည်။

အစ္စရေးအသင်းနှင့် ပွဲစဉ်တွင် အင်္ဂလန်အသင်းသည် ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၁၇ မိနစ်တွင် ပင်နယ်တီကန်ခွင့်ရ ခဲ့သော်လည်း တိုက်စစ်မှူး ဂစ်ဗ်ဂိုက် လွဲချော်ခဲ့သဖြင့် ဦးဆောင်ဂိုးရမည့် အခွင့်အရေးကို လက်လွှတ်ခဲ့ရပြီး နောက် အင်္ဂလန်အသင်းက ဘောလုံး ပိုင်ဆိုင်မှုအသာဖြင့် အစ္စရေး အသင်းကို တိုက်စစ်ဆင်နိုင်ခဲ့သော ကြောင့် ပွဲချိန် ၄၂မိနစ်တွင် ဂစ်ဗ်ဂိုက်၊ ပွဲချိန် ၆၃ မိနစ်တွင် ပယ်လ်မာ၊ ပွဲချိန် မိနစ် ၉၀ တွင်အာချာတို့၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ပြီး အစ္စရေးအသင်းအနေဖြင့် ချေပဂိုး ရရှိရန် ကြိုးစားနိုင်ခြင်းမရှိ၍ သုံးဂိုး ပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။






အခြား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် စပိန်အသင်းနှင့် ယူကရိန်းအသင်း တို့ တွေ့ဆုံခဲ့ရာ အပြန်အလှန် တိုက်စစ်ဆင်မှုများဖြင့် ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့ပြီး ပွဲချိန် ၁၃ မိနစ်တွင် ယူကရိန်းအသင်းက ဦးဆောင်ဂိုး ရရှိခဲ့ပြီးနောက်ပိုင်း စပိန်အသင်းက တိုက်စစ်မြှင့် ဖိအားပေးနိုင်ခဲ့ရာ ပွဲချိန် ၁၇ မိနစ်တွင် အာဘယ်ရှဗ်၊ ပွဲချိန် ၂၄ မိနစ်တွင် ဆန်းစက်၊ ပွဲချိန် ၅၄ မိနစ်တွင် ဘလန်ကို၊ ပွဲချိန် ၆၈မိနစ်တွင် အိုရို့ဇ်၊ ပွဲချိန် ၇၈ မိနစ်တွင် ဆာဂျီအိုဂိုမက်ဇ်တို့က ဦးဆောင်ဂိုး ဆက်တိုက်သွင်းယူနိုင် ခဲ့သောကြောင့် စပိန်အသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ယူ၍ ဗိုလ်လု ပွဲသို့ တက်ရောက်နိုင်ခဲ့ကာ အင်္ဂလန်အသင်းနှင့် တွေ့ဆုံခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ML

# စီးပွားရေးနှင့် ယဉ်ကျေးမှုကိုအခြေခံသော တရုတ်-ဂျာမနီ ဆက်ဆံရေး

မောင်စိန်အိ(နဘဲမြေ)





စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် တရုတ် - ဂျာမနီဆက်ဆံရေးတွင် အရေးပါသော ဒေါက်တိုင်တစ်ရပ်အဖြစ် ပါဝင်လျက်ရှိသည်။ ၁၉ ရာစု နှောင်းပိုင်းကာလမှစ၍ ဂျာမနီရထားလမ်းနှင့် စက်မှုအင်ဂျင်နီယာနည်းပညာတို့သည် တရုတ်နိုင်ငံတွင် လူသိများထင်ရှားလျက်ရှိသည်။ ၁၉၇၂ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေးများ ထူထောင်ပြီးနောက်ပိုင်း နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အလျင်အမြန်တိုးတက်လာခဲ့သည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ဂျာမနီ၏ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်လာခဲ့ပြီး ဂျာမနီမှကုန်ပစ္စည်းများကို ခြောက်နှစ်ဆက်တိုက်အများဆုံး တင်သွင်းခဲ့သည်။ ဂျာမနီနိုင်ငံအနေဖြင့်လည်း လွန်ခဲ့သော နှစ်များစွာကတည်းက တရုတ်နိုင်ငံသို့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာလွှဲပြောင်းပေးမှု အများဆုံး လုပ်ဆောင်လျက်ရှိသည့် ဥရောပနိုင်ငံများအနက်မှ တစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ တရုတ်နှင့်ဂျာမနီကြား ကုန်သွယ်မှုတန်ဖိုးသည် သံတမန်ဆက်ဆံရေး စတင်ထူထောင်သည့်အချိန် ၁၉၇၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၇၄ သန်းသာရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ယူရို ၂၄၅ ဒသမ ၇ ဘီလီယံထိမြင့်တက်လာခဲ့သဖြင့် လွန်ခဲ့သောနှစ် ၅၀ ခန့်ကထက် အဆပေါင်း ၉၀၀ ခန့် မြင့်တက်လာခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ်အတွင်း ဂျာမနီသို့တင်ပို့ခဲ့သည့် တရုတ်၏ ပို့ကုန်တန်ဖိုးသည် ယူရို ၁၄၁ ဒသမ ၇ ဘီလီယံနှင့် သွင်းကုန်တန်ဖိုးသည် ယူရို ၁၀၃ ဒသမ ၆ ဘီလီယံရှိခဲ့သောကြောင့် ပို့ကုန်တန်ဖိုးသည် ၂၀ ဒသမ ၈ ရာခိုင်နှုန်းနှင့် သွင်းကုန်တန်ဖိုးသည် ၈ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံသည် အမေရိကန်နှင့်ဆွစ်ဇာလန်တို့ပြီးလျှင် ဂျာမနီ၏အကြီးမားဆုံးရင်းနှီးမြှုပ်နှံသူဖြစ်ပြီး စီမံကိန်း ၁၄၉ ခုတွင် ရင်းနှီးမြှုပ်နှံထားရှိသည်။

ယေဘုယျအားဖြင့် နှစ်နိုင်ငံကြား စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အလျင်အမြန်တိုးတက်လာခြင်းသည် တရုတ်နိုင်ငံ၏ခေတ်မီအောင် တိုးတက်တည်ဆောက်မှု၊ စက်မှုလုပ်ငန်းများတည်ဆောက်မှုနှင့် မြို့ပြတည်ဆောက်မှုတို့အပြင် ၁၉၇၉ ခုနှစ်တွင် တရုတ်နိုင်ငံကို ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ် အသိအမှတ်ပြုပြီးနောက် ဂျာမနီက နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့များ ဆက်တိုက်ကူညီခဲ့သောကြောင့်ပင်ဖြစ်သည်။

ထို့ပြင် ၂၀၀၁ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သို့ တရုတ်နိုင်ငံ ဝင်ရောက်ခွင့်ရရှိခဲ့ပြီးနောက် စည်းကြပ်ခွန်များကို သိသိသာသာလျှော့ချခဲ့သည့်အပြင် နှစ်နိုင်ငံအစိုးရများသည် နှစ်နိုင်ငံကုန်သွယ်မှုနှင့်စီးပွားရေးတန်ဖိုးကို နှစ်ဆတိုးမြှင့်သွားရန်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တရုတ်-ဂျာမနီပူးတွဲကော်မရှင်၊ စီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဂျာမနီ-တရုတ်ဖိုရမ်၊ တရုတ်-ဂျာမနီစီးပွားရေးမူဝါဒဆိုင်ရာဆွေးနွေးညှိနှိုင်းမှု၊ SME မူဝါဒဆိုင်ရာဆွေးနွေးညှိနှိုင်းမှုနှင့် အကျိုးဖြစ်ထွန်းစေမည့်အခြားသော ပူးပေါင်းဆောင်ရွက်မှုပလက်ဖောင်းများကဲ့သို့သော အားလုံးအကျုံးဝင်သည့် အမျိုးမျိုးသောအဆင့်မြှင့်တင်ရေးယန္တရားများ ထူထောင်သွားရန် သဘောတူညီခဲ့ကြသည်။

ထို့ပြင် ဂျာမနီသည် ၁၉၉၃ ခုနှစ်တွင် ဂျာမနီစီးပွားရေးလုပ်ငန်း၏ အာရှ-ပစိဖိတ်ကော်မတီကို ထူထောင်ခဲ့ပြီး ပေကျင်း၊ ရှန်ဟိုင်းနှင့် ဂေါင်ကျိုးတို့တွင် ဂျာမနီစက်မှုနှင့်ကုန်သွယ်မှုကိုယ်စားလှယ်အဖွဲ့နှင့် ဂျာမနီစင်တာများ ထားရှိခြင်းကဲ့သို့သော စီးပွားရေးဆိုင်ရာညှိနှိုင်းရေးနှင့် အဆင့်မြှင့်တင်ရေးအင်စတီကျူးရှင်းများ ထူထောင်ထားရှိသည်။ တရုတ်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း တရုတ်ကုန်သည်ကြီးများအသင်းချုပ်ကို ဘာလင်မြို့၌ ထူထောင်ခဲ့သည်။ ၎င်းအဖွဲ့သည် ၂၀၂၂ ခုနှစ်မှစ၍ ဂျာမနီအစိုးရနှင့် လွှတ်တော်တို့တွင် တရားဝင်မှတ်ပုံတင်ထားရှိပြီးဖြစ်သည့်အတွက် ဂျာမနီရှိ တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ အကျိုးစီးပွားအတွက် တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်မှုများသည် တရုတ်နှင့်ဂျာမနီတို့ကြား စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံရေးကို အဆင်ပြေချောမွေ့စွာ တိုးတက်လာစေလျက်ရှိသည်။

ဥရောပကြွေးမြီအကျပ်အတည်း စတင်ဖြစ်ပွားသည့် ၂၀၀၈ ခုနှစ်ကတည်းက နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် သိသိသာသာမြင့်တက်လာခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ဂျာမနီသည် တရုတ်နိုင်ငံသို့ ပေးအပ်နေသည့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထောက်အပံ့များ ရပ်ဆိုင်းခဲ့သော်လည်း နှစ်နိုင်ငံအစိုးရများသည် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှု၊ စွမ်းအင်အစီအစဉ်များ၊ စီးပွားရေးနှင့်တရားဥပဒေကြောင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးမူဘောင်သစ်အရ ခိုင်မာအားကောင်းသော ပူးပေါင်းဆောင်ရွက်မှုများဆက်လက်လုပ်ဆောင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် တရုတ်နိုင်ငံ၏ (၁၂)ကြိမ်မြောက် ငါးနှစ်စီမံကိန်း၌ ချမှတ်ထားသော စီးပွားရေးမူဝါဒဆိုင်ရာ ရည်မှန်းချက်အသစ်များကို အခြေခံလျက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ အလေးထားမှုသည် စွမ်းအင်၊ သတ္တု၊ သတင်းကွန်ရက်၊ ဇီဝဓမ္မမြူရေး၊ ဆေးဝါးနည်းပညာ၊ စွမ်းအင်ထိန်းသိမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု၊ အာကာသ၊ ရေလမ်းပို့ဆောင်ရေး၊ လျှပ်စစ်ကားကဲ့သို့သော မဟာဗျူဟာမြောက်စက်မှုလုပ်ငန်းသစ်များ ပေါ်ထွက်လာရန် ပြောင်းလဲဖော်ဆောင်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်းကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုသည်လည်း ခိုင်မာအားကောင်းလာလျက်ရှိသည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (SME)များကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း အလေးထားလျက်ရှိပြီး ခိုင်မာအားကောင်းစေရန် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၁ ခုနှစ်တွင် ပြုလုပ်ခဲ့သော ပထမအကြိမ်မြောက် တရုတ်-ဂျာမနီ အစိုးရတို့ကြား ဆွေးနွေးညှိနှိုင်းမှုကာလအတွင်း SME လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်-ဂျာမနီ အထူးချေးငွေတစ်ရပ်ထူထောင်ရန် ဆုံးဖြတ်ခဲ့ပြီး တရုတ်စီးပွားရေးလုပ်ငန်းရှင်များကို အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ထုတ်ချေးပေးခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် ဂျာမနီထံမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အများဆုံးရရှိသည့်နေရာဖြစ်လာခဲ့ပြီး အမေရိကန်ထက် ကျော်လွန်လာခဲ့သည်။

နှစ်နိုင်ငံသည် ၂၀၀၂ ခုနှစ်က ခရီးသွားလုပ်ငန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးနောက် ၂၀၁၉ ခုနှစ်အတွင်း ဂျမနီသို့ အလည်အပတ်သွားသည့် တရုတ်နိုင်ငံသားအရေအတွက်သည် ၁ ဒသမ ၅၃ သန်းရှိခဲ့ပြီး တရုတ်နိုင်ငံသို့လာရောက်လည်ပတ်သည့် ဂျာမနီနိုင်ငံသား အရေအတွက်သည် ဦးရေ ၆၂၂၀၀၀ ရှိခဲ့သည်။ နှစ်နိုင်ငံအစိုးရများသည် ယဉ်ကျေးမှု၊ ပညာရေးနှင့် သိပ္ပံနယ်ပယ်များတွင် လေ့ကျင့်သင်တန်းပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့သဖြင့် တရုတ်-ဂျာမနီဆက်ဆံရေး အလျင်အမြန်တိုးတက်မှုကို အထောက်အကူပြုခဲ့သည်။ ဂျာမနီနိုင်ငံထူထောင်ပြီးကတည်းက ဖက်ဒရယ်အစိုးရသည် ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေးဆိုင်ရာ အင်စတီကျူးရှင်းများ ပြန်လည်တည်ဆောက်မှုကို တက်ကြွစွာဆောင်ရွက်ခဲ့သည်။

**❖ လက်ရှိအချိန်တွင် တရုတ်နှင့်ဂျာမနီတို့သည် နှစ်နိုင်ငံညီအစ်မမြို့တော် ၁၀၃ မြို့ကို ထူထောင်ထားရှိပြီး အပြန်အလှန်ဖလှယ်မှုအစီအစဉ် ၇၅၀ ခန့် ပြုလုပ်ပြီးဖြစ်သည်။ ဂျာမနီတွင် ပညာသင်ယူနေသော တရုတ်ကျောင်းသားအရေအတွက်သည် ၁၉၇၄ ခုနှစ်တွင် ၁၀ ဦး အောက်သာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၄၀၀၀၀ ခန့် ရှိလာခဲ့သဖြင့် ဂျာမနီရှိ အများဆုံးသော ပြည်ပကျောင်းသားအုပ်စုကြီးပင်ဖြစ်သည်။ တရုတ်နိုင်ငံရှိ ဂျာမနီကျောင်းသားအရေအတွက်မှာလည်း ၅၀၀၀ ခန့်ရှိနေသည်။ ❖**

၂၁ ရာစုသို့ဝင်ရောက်လာပြီးနောက် ဂျာမနီဖက်ဒရယ်အစိုးရသည် ယဉ်ကျေးမှုနှင့်ပညာရေးနယ်ပယ်တို့တွင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခဲ့သည်။ နှစ်နိုင်ငံသည် ၂၀၀၂ ခုနှစ်က အဆင့်မြင့် ပညာနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက် ၂၀၀၆ ခုနှစ်တွင် အဆင့်မြင့်ပညာနယ်ပယ်၌ တရုတ်-ဂျာမနီ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာမြောက် မိတ်ဖက်ယန္တရားကို စတင်ကျင့်သုံးခဲ့ပြီး တရုတ်နှင့်ဂျာမနီ တက္ကသိုလ်များကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ထူထောင်ထားရှိသည်။ ၂၀၁၇ ခုနှစ်တွင် သံတမန်ဆက်ဆံရေး ထူထောင်မှု (၄၅)နှစ်မြောက် အခမ်းအနားကျင်းပခဲ့ပြီး နှစ်နိုင်ငံသည် အဆင့်မြင့်ပုဂ္ဂိုလ်များ အပြန်အလှန်သွားရောက်လည်ပတ်ရေးနှင့် ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ ယန္တရားထူထောင်ခဲ့သည်။

တရုတ်နိုင်ငံ၏ အမျိုးသား သံခင်းတမန်ခင်းမူဝါဒတွင် ယဉ်ကျေးမှုဆိုင်ရာ သံခင်းတမန်ခင်းလည်း ပါဝင်လျက်ရှိသောကြောင့် ၂၀၀၈ ခုနှစ်တွင် တရုတ်ယဉ်ကျေးမှုစင်တာကို ဘာလင်မြို့၌ ဖွင့်လှစ်ခဲ့သည်။ ထို့ပြင် တရုတ်တက္ကသိုလ်များသည် ဂျာမနီတက္ကသိုလ်များ၊ ယဉ်ကျေးမှုဆိုင်ရာ အင်စတီကျူးရှင်းများနှင့် ပူးပေါင်းကာ ဂျာမနီတွင် ကွန်ဖြူးရှပ်အင်စတီကျူးနှင့် စာသင်ခန်း ၁၀ ခုကျော် ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။

သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင်လည်း တရုတ်အမျိုးသား သဘာဝသိပ္ပံဖောင်ဒေးရှင်းနှင့် ဂျာမနီသုတေသန ဖောင်ဒေးရှင်းတို့သည် ၂၀၀၀ ပြည့်နှစ်တွင် ပေကျင်းမြို့၌ တရုတ်-ဂျာမနီသုတေသနဌာနကို ထူထောင်ခဲ့သည်။ နှစ်နိုင်ငံအစိုးရသည် ချူကလီးယား ရူပဗေဒ၊ ရေဒီယိုနက္ခတ်ဗေဒ၊ ဓာတုဗီဇနှင့် အချက်အလက်များစုဆောင်းရာတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် တရုတ်နှင့် ဂျာမနီတို့သည် နှစ်နိုင်ငံ ညီအစ်မမြို့တော် ၁၀၃ မြို့ကို ထူထောင်ထားရှိပြီး အပြန်အလှန်ဖလှယ်မှုအစီအစဉ် ၇၅၀ ခန့် ပြုလုပ်ပြီးဖြစ်သည်။ ဂျာမနီတွင် ပညာသင်ယူနေသော တရုတ်ကျောင်းသားအရေအတွက်သည် ၁၉၇၄ ခုနှစ်တွင် ၁၀ ဦးအောက်သာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၄၀၀၀၀ ခန့် ရှိလာခဲ့သဖြင့် ဂျာမနီရှိ အများဆုံးသော ပြည်ပကျောင်းသားအုပ်စုကြီးပင်ဖြစ်သည်။ တရုတ်နိုင်ငံရှိ ဂျာမနီကျောင်းသား အရေအတွက်မှာလည်း ၅၀၀၀ ခန့် ရှိနေသည်။ လက်ရှိအချိန်တွင် တရုတ်နှင့်ဂျာမနီတက္ကသိုလ်များကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်း ၁၃၀၀ ကျော်ရှိနေပြီဖြစ်သည်။ နှစ်နိုင်ငံစလုံးမှလူငယ်များသည် တစ်နိုင်ငံချင်းစီ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုကို ပိုမိုစိတ်ဝင်စားလာလျက်ရှိပြီး တရုတ်တက္ကသိုလ် ၁၅၀ ကျော်သည် ဂျာမန်ဘာသာစကား သင်ကြားပို့ချလျက်ရှိကာ ဂျာမနီရှိ ပြည်သူ ၃၀၀၀ ကျော်ကလည်း တရုတ်ဘာသာစကား လေ့လာသင်ယူလျက်ရှိကြသည်။

ယူကရိန်းအရေးကြောင့် ဖြစ်ပေါ်လာသော လက်ရှိကမ္ဘာလုံးဆိုင်ရာ ပဋိပက္ခများကို ရင်ဆိုင်ဖြေရှင်းရာတွင် တရုတ်နှင့်ဂျာမနီ နှစ်နိုင်ငံစလုံးအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်နိုင်ရန် အတူတကွ ပူးပေါင်းဆောင်ရွက်သွားသင့်သည့်အပြင် လူသားတို့အကျိုးဖြစ်ထွန်းရေးနှင့် တိုးတက်ဖြစ်ထွန်းသော ကမ္ဘာ့ရွာကြီးကို အောင်မြင်စွာတည်ဆောက်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါအလွန် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ပံ့ပိုးကူညီပေးခြင်းအပြင် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုမြှင့်တင်ရေးတို့ကို ပိုမိုလုပ်ဆောင်သွားသင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- Sino-German Relations Built on Sound Economic and Cultural Principles By China Today.

# အဆိုတော် ကောင်းကောင်းနှင့် ထက်အဥ္ဇလီတို့၏ ရာဇဝင်တွင်မယ့်ချစ်ခြင်း Music Video ဇူလိုင် ၉ ရက်တွင် ထွက်ရှိမည်




**ရန်ကုန် ဇူလိုင် ၆**

အဆိုတော် ကောင်းကောင်းနှင့် ထက်အဥ္ဇလီတို့၏ ရာဇဝင်တွင်မယ့်ချစ်ခြင်း တေးသီချင်း Music Video(MV) ဇူလိုင် ၉ ရက်တွင် ထွက်ရှိမည်ဖြစ်ကြောင်း အဆိုတော် ကောင်းကောင်းက ပြောပြ၍ သိရသည်။

အဆိုပါ ရာဇဝင်တွင်မယ့်ချစ်ခြင်း တေးသီချင်း Music Video (MV) ကို အဆိုတော် ကောင်းကောင်းနှင့် ထက်အဥ္ဇလီတို့က Version အသစ်ဖြင့် ပြန်လည်တွဲဖက်သီဆို သရုပ်ဆောင်ထားကာ ဒါရိုက်တာ ကိုဆက်က ပုံဖော်ရိုက်ကူးပေးထားပြီး သရုပ်ဆောင် ဗညားဘုန်းပြည့်နှင့် ကေကေမိုးတို့ကလည်း အားဖြည့်ပါဝင်သရုပ်ဆောင်ပေးထားသည်။

"ရာဇဝင်တွင်မယ့်ချစ်ခြင်း သီချင်းလေးက Version အသစ်နဲ့ ပြန်ထွက်လာမယ်။ ဒီသီချင်းလေးက ဆိုလို့ကောင်းတယ်။ ညီမလေး ထက်အဥ္ဇလီ ကြိုက်တယ်ဆိုတော့ အမှတ်တရလေးဖြစ်အောင် ပြန်ဆိုထားတာပါ။ အရင်တုန်းကပုံစံ သီဆိုထားပေမဲ့ တီးခတ်မှုအပိုင်းမှာ တော်တော်လေးကွဲထွက်သွားတယ်။ ဒီဘက် Hip Hop တီးတဲ့လူငယ်တွေ တီးခတ်တာမို့ ခေတ်နဲ့အညီ လိုက်ဆိုရတာရှိပါတယ်"ဟု အဆိုတော် ကောင်းကောင်းက ပြောပြသည်။

တေးရေး တေးဆိုတစ်ဦးအဖြစ် ပရိသတ်အားပေးမှု ရရှိထားသည့် အဆိုတော် ကောင်းကောင်း၏ ရာဇဝင်တွင်မယ့်ချစ်ခြင်း တေးသီချင်းသည် ပြီးခဲ့သည့် ၁၀ နှစ်ခန့်က ပရိသတ်အသိအမှတ်ပြုခဲ့သည့် တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ကြောင်း သိရသည်။ ASH

# Ghostbusters:Afterlife-2 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းပြီးဆုံး

**နယူးယောက် ဇူလိုင် ၆**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Ghostbusters: Afterlife-2 ဇာတ်ကားမှာ ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံးပြီဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

Ghostbusters: Afterlife-2 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းပြီးဆုံးမှုကို ၎င်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသော မင်းသားအာနီဟက်ဆန်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် Ghostbusters: Afterlife (2021)၏ တိုက်ရိုက်နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး Ghostbusters: Afterlife-2 ကို ဒါရိုက်တာ ဂျိလီမင်းက တာဝန်ယူရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါဇာတ်ကားကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ရုံတင်ရန် စီစဉ်ထားသော်လည်း ၎င်းကာလထက် ရုံတင်ချိန်နောက်ကျနိုင်ကြောင်း မင်းသား အာနီဟက်ဆန်က ပြောကြားထားကြောင်း သိရသည်။

Ghostbusters: Afterlife-2 ဇာတ်ကားတွင် မင်းသမီး မက္ကင်နာဂရေ့၊ အမ်မလီအယ်လင်လင်း၊ မင်းသား ဘီလီမာရေးနှင့် ဖင်းဝုဖ်ဟက်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO




# မလေးရှားနိုင်ငံ၌ ကျင်းပမည့် ASEAN International Film Festival တွင် ကျိန်စာသင့်နတ်သုဒ္ဓါ ဇာတ်ကား ဆန်ခါတင်စာရင်းဝင်

**ရန်ကုန် ဇူလိုင် ၆**

မလေးရှားနိုင်ငံ၌ ကျင်းပမည့် ASEAN International Film Festival တွင် ကျိန်စာသင့် နတ်သုဒ္ဓါ ရုပ်ရှင်ဇာတ်ကားဆန်ခါတင်စာရင်းဝင်ထားကြောင်း ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)က ပြောပြ၍ သိရသည်။

ယခုနှစ်အတွင်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည့် အဆိုပါပွဲတွင် အာဆီယံနိုင်ငံများမှ တစ်နှစ်အတွင်း ရုံတင်ပြသထားသည့် ရုပ်ရှင်ဇာတ်ကားများမှ အကောင်းဆုံး ဇာတ်ကားဆု၊ အကောင်းဆုံး ဒါရိုက်တာဆု၊ အကောင်းဆုံး မင်းသမီးဆု၊ အကောင်းဆုံး ဇာတ်ပို့ဆု၊ အကောင်းဆုံးတေးဂီတဆု စသည့် ဆုပေါင်း ၂၀ ကျော်ကို ရွေးချယ်ကာ ပေးအပ်သွားမည်ဖြစ်သည်။

"ကျွန်တော် ကျိန်စာသင့်နတ်သုဒ္ဓါ ဇာတ်ကားကို ရိုက်ပြီးပြီးချင်း Edit ပိုင်း၊ ဆင်ဆာ စတာတွေ ကျချိန်မှာ မလေးရှားနိုင်ငံမှာရှိတဲ့ ASEAN International Film Festival ပြိုင်ပွဲဝင်ဖို့ စာလေးပို့ထားပါတယ်။



အချက်အလက်တွေအကုန်တောင်းထားခဲ့တယ်။ နမူနာကို Sub Title တွေလဲ ထိုးပေးခဲ့တယ်။ Final Edit ပြီးခါနီးမှာ Mail ရောက်လာတယ်။ ဆန်ခါတင်စာရင်းပါလို့ ပထမ Sub Title ကို အပြည့်ထိုးပေးဖို့ ထပ်ပြောတယ်။ ဒီဇာတ်ကားမှာပါဝင်တဲ့ ဒါရိုက်တာရယ်၊ သရုပ်ဆောင် ခိုင်နှင်းဝေနဲ့ ရွှေသမီးတို့အတွက် ပွဲတက်ရောက်ဖို့ လက်မှတ်ပို့ပေးမဲ့ အကြောင်း အကြောင်းကြားလာပါတယ်။ ဒီဇာတ်ကားကို ဇာတ်လမ်းတွဲအနေနဲ့ Channel K မှာ ပြသဖို့လဲ ပြင်ဆင်ပြီးဖြစ်ပါတယ်"ဟု ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)ကပြောပြသည်။

ကျိန်စာသင့်နတ်သုဒ္ဓါ ဇာတ်ကား၏ဝတ္ထုကို မြားစကြာ၊ ဇာတ်ညွှန်းကို နေစိုးသော်ကရေးသားကာ ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)က ရိုက်ကူးထားခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် နေထက်လင်း၊ ဘုန်းလျှံ၊ နေရဲ၊ လင်းအောင်ခေတ်၊ မိုးဒီ၊ တိမ်ညွန့်၊ ခိုင်နှင်းဝေ၊ ရွှေသမီး၊ ဝါဝါမေမောင် စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Dune-3 ရိုက်ကူးမည့်အစီအစဉ်ကို ဒါရိုက်တာ ဒင်းနစ်ဗီလီနော့ အတည်ပြု

**နယူးယောက် ဇူလိုင် ၆**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီအတွက် Dune-3 သိပ္ပံအက်ရှင်ဇာတ်ကား ဆက်လက်ရိုက်ကူးမည့် အစီအစဉ်ကို ဒါရိုက်တာ ဒင်းနစ်ဗီလီနော့က အတည်ပြုထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၅ ရက်တွင် ရေးသားတင်ပြထားသည်။

Dune -3 ဇာတ်ကားကိုစာရေးဆရာ ဖရင့်ရောဘတ်၏ Dune: Messiah ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်ကြောင်း ဒါရိုက်တာ ဒင်းနစ်ဗီလီနော့က ပြောကြားထားကြောင်း သိရသည်။

လက်ရှိတွင် ဒါရိုက်တာ ဒင်းနစ်ဗီလီနော့သည် Dune: Part Two ဇာတ်ကားကို ရိုက်ကူးပေးထားပြီးဖြစ်ကာ Dune: Part Two ဇာတ်ကားကို ယခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Dune: Part Two ဇာတ်ကားတွင် မင်းသား အော်စတင်ဘတ္တလာ၊ တင်မိုချားမတ်၊ မင်းသမီး ဖလောရင့်ပက်၊ ဇန်ဒါယာနှင့် ရောဘက်ကာဖာဂူဆန်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO



# သံတောင်ကြီးမြို့နယ် သစ်ခွတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး ဇူလိုင် ၆**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်ခွတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ သစ်ခွတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါသစ်ခွတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ နဝမနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၅၂ ဦးကို ငွေကျပ် ၃၄၇ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **သူသူ**

# Those securing at least 400 marks at matriculation exam can apply for MMMC for 2024-25 AY


Trainees seen in front of Myanmar Mercantile Marine College.

**Yangon July 6**

The students who secured 400 marks in minimum in the matriculation examination will have the chance to apply for entrance to the Myanmar Mercantile Marine College for 2024-25 academic year according to the Ministry of Transport and Communications.

The college will open the mercantile cadet course for 2024-25 academic year in coming February 2024.

The college will conduct the mercantile cadet course (CD/51), the mercantile engineering cadet course (CE/49) and the electronic technological cadet course (CME/4) in coming academic year.

In this regard, the college will admit 130 trainees for CD course, 130 trainees for CE course and 40 trainees for CME course.

All cadet courses will last for two years each. Upon completion, they will be conferred Diploma in Nautical Studies, Diploma in Maritime Technology and Diploma in Marine Electro Technology.

The eligible trainees must not be beyond 19 years old on 31 December 2023. They must have passed the matriculation examination with the combination comprising Physics and Chemistry subjects with at least 400 marks.

Applications will be admitted from 3 July to 1 September 2023, and personal interview will be conducted. For further formation, dial 09-986340 557 of the Registrar Office of the college.

Moreover, interested persons may browse www.mmmc.edu.mm or MMMC Facebook Page. 336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Private industries registration admitted online this financial year

**Mandalay July 6**

Mandalay Region Industrial Supervision and Inspection Department admits registration of small, medium and heavy industries of the region through online service this financial year, said director U Myo Htut Swe of the region department.

From July this year, the department arranges registration of industries in online services for smooth process. These industries using more than 3 HP and more than 10 workers have to register at the department. This financial year, the department slated to admit registration of 285 industries. So far, more than 60 industries have registered.

"Online registration system will be launched in July. Last financial year, such process was undertaken on paper. No, businesspersons will have the chance to register at the department online without needs to apply for its in person. Businesspersons have opened email or gmail accounts. After accepting the registration, the department will inspect them. The Private Industrial Law aims to contribute to the increase of GDP through industrial sector. It aims to efficiently consume energy. Natural resources will be systematically used and then exported to earn income. So, the department will accept registration of the industries more than the target," said the director.


A local private industry in operation.

Businesspersons registered their industries such as foodstuff, clothing, general industries, personal goods, weaving, stone crusher, grinding, saw mill, water purifier, bakery, iron and steel, forest products, smelting, and value-added wood products. The departmental officials go right down to the grassroots level for registration of the industries. 185

# Trade volume of Myanmar with foreign countries reaches US$7.37 billion from April to June 2023

**Nay Pyi Taw July 6**

Myanmar has handled more than US$7.37 billion worth of trade volume from April to June of the 2023-24 financial year, said director U Aung Min Thaik of the International Trade Relations Branch of the Trade Department.

In this regard, export volume was worth of US$2.99 billion and import one US$4.37 billion, totally amounting to US$7.37 billion.

"During the three-month period of the 2023-24 financial year, maritime trade volume scored US$5.36 billion, comprising the largest earnings from the finished industrial goods, followed by agricultural produce and marine products. The least income came from the animal products," said the director.

Myanmar exports finished industrial goods, agricultural produce, marine products, minerals and mining products, forest products, animal products and other goods to foreign countries and imports fuel, cooking oil, construction and industrial raw materials, and raw materials for textile and CMP clothing.

Likewise, Myanmar primarily imports investment equipment, industrial raw materials, personal goods and raw materials of CMP industries. ASH



Yangon Port handling cargo containers.

# Goethe-Institut Myanmar to host German Library and Culture Festival

**Yangon July 6**


A plan is underway to organize the German Library and Culture Festival at Junction city in Pabedan Township of Yangon Region on 9 July, according to the festival organizer Goethe-Institut Myanmar.

The festival will take place on the ground floor of Junction City from 9 am to 5 pm on 9 July. The festival will share knowledge about German language training schools, education sector of Germany, library and cultural festivals in Germany with attendees.

"We will disseminate knowledge about libraries and festivals of Germany to those wishing to learn education in Germany. Prizes will be presented to winners in the games and quizzes of the festival. Foreign experts will give lectures on museum management subject to those wishing to become curators of museums under the Goethe-Institut Myanmar," said Prof Dr Mi You of Goethe-Institut Myanmar.

Moreover, the institut will conduct the show management subjects to interested persons on 11, 18, 25 August and 1 September at Goethe-Institut Myanmar hall. ASH

# Myanmar-Thai border trade camps in regular operation despite difficult transport



An aerial view of transport routes on the Myanmar-Thai border.

**Nay Pyi Taw July 6**

Trade process at border camps along Myanmar and Thailand border line are being operated as usual despite poor transport facilities, according to merchant associations from Myawady border.

Although blown up the Kyonaik Bridge on Yangon-Mawlamyine road caused delay of transport for heavy trucks on recent days, Myanmar-Thai border trade process are running as usual, said merchants from Myawady.

Currently, trucks are allowed in rotation to pass the road so as to reach the export products in foreign market in time as such road section plays a key role in trade flow from Myawady to Yangon.

"On recent days, truck running delayed due to destruction at bridges on the road. So, foreign exchange rate with Thai currency rose. Till today, trade process is usual," said Daw Thin Thin Myat.

Trade value along Myanmar-Thai border hit more than US$1.13 billion within two months of the 2023-24 financial year, US$434.557 million of which was earned at Myawady trade zone alone.

Myanmar operates border trade camps along Myanmar-Thai border such as Myawady, Tachilek, Kawthoung, Myeik, Htikhee, Mawtaung and Meisei border trade camps. ASH

# Israeli artillery strikes Lebanon after rocket launch

**Jerusalem July 6**

Israel's military says it responded with artillery fire after a rocket was launched from southern Lebanon.

A statement said the rocket "exploded adjacent to the Blue Line in Israeli territory", referring to the UN-demarcated frontier between the states.

Lebanon's state news agency reported that more than 15 Israeli shells had hit the outskirts of the Lebanese villages of Kfar Shouba and Halta.

So far no militant groups have claimed they were behind the rocket launch.

The United Nations peacekeeping force in Lebanon, Unifil, urged all sides to "exercise restraint and avoid any action that could cause further escalation" on the frontier, where tensions have increased in recent months.

In April, the Israeli military carried out air strikes on targets it said belonged to the Palestinian militant group Hamas in southern Lebanon after more than 30 rockets were fired from there towards Israeli territory.

It was the biggest such barrage from Lebanon since Israel and Lebanese militant group Hezbollah fought a war in 2006.

Unifil said that its peacekeepers detected explosions near al-Majidiya shortly after 08:00 local time (05:00 GMT) on Thursday, and that while they could not confirm the cause the sounds were consistent with a possible rocket launch.

BBC

# Licences of vehicles, motorcycles to be renewed till September 2023 without inspection

**Yangon July 6**

The Road Transport Administration Department will allow renewal of registration for all vehicles and motorcycles except passenger buses till the end of September 2023, said director U Myo Kyaw Aung of the department.

"The licences of vehicles and motorcycles which will end soon will be renewed till the end of September without checking. Except passenger buses, renewal of licences for vehicles and motorcycles will be allowed throughout the nation," said the director.

Passenger buses will be inspected for renewal of licences. Remaining various types of vehicles and motorcycles will be checked with their records and inspection process will be exempted for all. Such a process started in March 2021. ASH



The vehicle inspection section of the Road Transport Administration Department.

# South Africa: Suspected gas leak leaves 17 dead in Boksburg

**Cape Town July 6**

A suspected gas leak in South Africa has led to the deaths of 17 people, local officials say.

The victims - including three children - died from gas inhalation at an informal settlement in Boksburg, east of Johannesburg.

Police and forensic investigators have said the scene of the toxic gas leak is still active and have advised people to stay clear of the area.

Wednesday's leak has been linked to illegal gold mining in the area.

Gases are often used by illegal gold miners - known locally as zama zamas - to extract gold from soil stolen from abandoned mine shafts.

One of the gas cylinders was found leaking in Boksburg's densely populated Angelo shanty town.


The victims were found within a 100m (328ft) radius of the scene.

"The scene was heartbreaking... the bodies were scattered literally everywhere," said Panyaza Lesufi, Premier of the Gauteng Province.

Emergency service officials fear more bodies could be found as search and rescue teams continue their work.

Twelve people are receiving treatment in hospital, with one in a critical condition.

BBC



There are fears that the death toll can rise further.

# Butter bean fetches good prices in Mandalay market

**Mandalay July 6**

Myanmar's butter bean gets good prices in Mandalay market due to high demand from foreign countries, rather than that of corresponding period last year, according to the bean merchants in Mandalay.

Butter bean is grown in upper Myanmar regions. In the domestic market, butter bean (large) fetched K200,000 per three-basket bag, small butter bean K110,000 in the same period of last year. This year, large butter bean pocketed K320,000 per bag and small one K300,000, said U Soe Win Myint, owner of Soe Win Myint brokerage in Mandalay.

"On recent days, butter beans got high prices in the domestic market. Now, butter bean can be seen in hands of brokers. Farmers can store quality strains of butter beans for cultivation. At present, butter bean faces high demand for local consumption. Butter is exported to China, India, Japan and European countries on a yearly basis. Currently, Japan and European countries prefer to buy large butter bean of Myanmar. Market demand has been higher and higher every year," said the broker of Soe Win Myint Brokerage.

Butter bean is primarily grown in central Myanmar areas such as Minbu, Sinbyukyun and Salin regions of Magway Region, Mahlaing, Taungtha and Natogyi regions of Mandalay Region and Gangaw, Kalay, Kalewa, Shwebo and Kabaw valley in Sagaing Region.

185

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဂျာမနီက ၂၀၂၄ ခုနှစ်တွင် အသုံးစရိတ်နှင့်ချေးငွေကိုလျှော့ချရန်စီစဉ်နေသော်လည်း ကာကွယ်ရေးအသုံးစရိတ်ကိုတိုးမြှင့်သုံးစွဲမည်



ဂျာမနီနိုင်ငံသည် ကိုရိုနာဗိုင်းရပ်ကူးစက်ရောဂါနှင့် စွမ်းအင်အကျပ်အတည်းကာလအတွင်း ကြီးမားသောအသုံးစရိတ်များကိုလျှော့ချပြီးနောက် ၂၀၂၄ ခုနှစ်တွင် အသုံးစရိတ်နှင့်ချေးငွေများကို သိသိသာသာလျှော့ချသွားရန် စီစဉ်နေသော်လည်း ကာကွယ်ရေးအသုံးစရိတ်ကိုမူ တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း ဇူလိုင် ၃ ရက်က ဘတ်ဂျက်မူကြမ်းတစ်ရပ်တွင် ရေးသားဖော်ပြခဲ့သည်။

ကာကွယ်ရေးအသုံးစရိတ်သည် စံချိန်တင်မြင့်မားနေဦးမည်ဖြစ်ပြီး ရုရှား၏ ယူကရိန်းစစ်ဆင်ရေးကို တုံ့ပြန်သည့်အနေဖြင့် ဂျာမနီသည် စစ်ဘက်ပြင်ဆင်ရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံထားသောကြောင့် NATO အဖွဲ့၏ ကာကွယ်ရေးအသုံးစရိတ်ရည်မှန်းချက်အတိုင်း နှစ်ရာခိုင်နှုန်းထိရောက်ရှိရန် မျှော်မှန်းထားကြောင်း ၎င်းဘတ်ဂျက်မူကြမ်းတွင် ဖော်ပြထားသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုလားသော FDP ပါတီမှဘဏ္ဍာရေးဝန်ကြီး Christian Lindner က ကုန်ကျစရိတ်များဖြတ်တောက်ရန် တောင်းဆိုမှုကြောင့် သုံးပါတီအာဏာရ ညွန့်ပေါင်းအဖွဲ့တွင် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့သော်လည်း အစိုးရအဖွဲ့က ၎င်းကို အတည်ပြုရန် စီစဉ်ထားသည်။

အကျဘက်သို့ ဦးတည်ခဲ့ရသော ဥရောပ၏ အကြီးမားဆုံးစီးပွားရေးလုပ်ငန်းများသည် ၂၀၂၄ ခုနှစ်တွင် ယူရိုငွေ ၄၄၅ ဒသမ ၇ ဘီလီယံထိ အသုံးစရိတ်ရှိနိုင်မည်ဟုခန့်မှန်းထားပြီး ယခုနှစ်အတွက် ၄၇၆ ဒသမ ၃ ဘီလီယံထိ အသုံးပြုနိုင်မည်ဟု စီစဉ်ထားခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ချေးငွေအသစ်အတွက် လျှော့ချခြင်းသည် ယူရို ၁၆ ဒသမ ၆ ဘီလီယံ သတ်မှတ်ရန်စီစဉ်ထားပြီး ယခုနှစ်တွင် ၄၅ ဒသမ ၆ ဘီလီယံနှင့်နှိုင်းယှဉ်ပါက ကွာဟချက်အတော်မြင့်မားနေမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ဂျာမနီနိုင်ငံသည် နှစ်စဉ်ချေးငွေအသစ်ကို တစ်နှစ်လျှင် ပြည်တွင်းအသားတင်ထုတ်လုပ်မှု၏ သုည ဒသမ ၃၅ ရာခိုင်နှုန်းထိ ကန့်သတ်ထားသည့် နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ ကြွေးမြီဖောက်ဖျက်မှုကို လိုက်နာလိမ့်မည်ဟု ဘတ်ဂျက်မူကြမ်းအရ သိရသည်။

ဂျာမနီသည် ကိုရိုနာဗိုင်းရပ်အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် ငွေကြေးပမာဏ အမြောက်အမြားသုံးစွဲခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်မှစ၍ ရပ်ဆိုင်းခံခဲ့ရသော ဘတ်ဂျက်စည်းမျဉ်းသည် ယခုနှစ်တွင် ပြန်လည် အသက်ဝင်လာခဲ့ပြီဖြစ်သည်။

သို့သော် ယခုနှစ် ဘတ်ဂျက်သည် ကြွေးမြီဖြတ်တောက်မှုကို လိုက်လျောညီထွေဖြစ်စေရန်အတွက် အစိုးရအနေဖြင့် တရားဝင်ဘတ်ဂျက်ပြင်ပရှိ အထူးရန်ပုံငွေများစွာကိုဖန်တီး၍ အားကိုးအားထားပြုရတော့မည်ဖြစ်သည်။

ယူကရိန်းပဋိပက္ခအတွင်း ရုရှားက ဥရောပသို့ အရေးပါသောဓာတ်ငွေ့ ပို့ပိုးမှုများကို လျှော့ချလိုက်ပြီးနောက် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအတွက် စွမ်းအင်လိုအပ်ချက်များ၌ ကူညီဖြေရှင်းရာတွင် အဆိုပါအထူးရန်ပုံငွေများမှ အများဆုံး အသုံးပြုထားကြောင်း သိရသည်။

ဘတ်ဂျက်မူကြမ်းအရ အစိုးရက ၂၀၂၄ ခုနှစ်တွင် NATO ၏ အသုံးစရိတ်လျာထားချက်သို့ ပြည့်မီသုံးစွဲနိုင်စေရန် အဆိုပါရန်ပုံငွေများထဲမှ ထုတ်နုတ်၍ အသုံးပြုရနိုင်ဖွယ်ရှိနေသည်။

၂၀၂၃ ခုနှစ်ဘတ်ဂျက်တွင် ၅၀ ဘီလီယံခန့် သုံးစွဲခဲ့ပြီးနောက် ယူရို ၅၁ ဒသမ ၈ ဘီလီယံသည် မြင့်မားသောပုံမှန်ကာကွယ်ရေးအသုံးစရိတ်ကို ထည့်သွင်းရေးဆွဲထားခြင်းဖြစ်သည်။

ယူကရိန်းပဋိပက္ခ စတင်ပြီးနောက်ပိုင်းတွင် အဓိပတိ Olaf Scholz သတ်မှတ်ထားခဲ့သော အထူးစစ်ရေးအသုံးစရိတ်အတွက် ယူရိုဘီလီယံ ၁၀၀ ထဲမှ ယူရို ၁၉ ဒသမ ၂ ဘီလီယံ ထပ်မံရရှိဦးမည်ဖြစ်သည်။

**Germany to Cut 2024 Spending, but Defense Budget Up ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံမြို့တော် မော်စကိုသို့ တိုက်ခိုက်ရန်ဝင်ရောက်လာသောဒရုန်းများကို ပစ်ချနိုင်ခဲ့ကြောင်း မြို့တော်ဝန်ပြောကြား

ရုရှားနိုင်ငံမြို့တော် မော်စကိုသို့ ဇူလိုင် ၄ ရက် နံနက်ပိုင်းက တိုက်ခိုက်ရန်ဝင်ရောက်လာသော ဒရုန်းများကို ပစ်ချနိုင်ခဲ့ကြောင်း မြို့တော်ဝန် Sergey Sobyanin က ပြောကြားခဲ့သည်။

"အခုချိန်ထိ လေကြောင်းရန်ကာကွယ်ရေးစနစ်တွေက ဝင်ရောက်လာသမျှ ဒရုန်းတွေကို ပစ်ချနိုင်ခဲ့ပါတယ်။ ထောက်လှမ်းရာဖွေတွေ့ရှိထားတဲ့ ဒရုန်းတွေအားလုံးကို ဖျက်ဆီးပစ်နိုင်ခဲ့ပါတယ်"ဟု Sergey Sobyanin က ပြောကြားခဲ့သည်။

ဒရုန်းများဖြင့် တိုက်ခိုက်မှုနှင့်ပတ်သက်၍ အသေအပျောက် မရှိခဲ့ကြောင်း၊ မြို့တော်၏ Novaya Moskva (New Moscow) ဧရိယာနှင့် အနီးတစ်ဝိုက်ရှိ မော်စကိုဒေသတွင် အရေးပေါ်ဝန်ဆောင်မှုများ အသင့်ဖြန့်ကြက် လုပ်ဆောင်ထားကြောင်း၊ မြို့တော်ရှိ Vnukovo လေဆိပ်တစ်ဝိုက်တွင် ယာယီလေကြောင်းပျံသန်းမှုကန့်သတ်ချက် ထုတ်ပြန်ထားခြင်းကို ပြန်လည်ရုပ်သိမ်းခဲ့ပြီဖြစ်ကြောင်း Sobyanin က ပြောကြားခဲ့သည်။

ဇူလိုင် ၄ ရက်အစောပိုင်းက မော်စကိုမြို့တော်အနီးတစ်ဝိုက်၌ တိုက်ခိုက်ရန်ကြိုးပမ်းမှုတွင် ယူကရိန်းတို့၏ ဒရုန်းငါးစင်း ဝင်ရောက်လာခဲ့ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဝင်ရောက်လာသော ဒရုန်းများအနက် လေးစင်းကို Novaya Moskva ဒေသရှိ လေကြောင်းရန်ကာကွယ်ရေးတပ်များက ပစ်ချနိုင်ခဲ့ပြီး နောက်ထပ်တစ်စင်းကို အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်၏ဖိဖျက်နှောင့်ယှက်မှုများကြောင့် မော်စကိုဒေသ Odintsovo ခရိုင်တွင် ပျက်ကျခဲ့ကာ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း ဝန်ကြီးဌာနထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် မော်စကိုမြို့ဆင်ခြေဖုံးရပ်ကွက်အတွင်း ဝင်ရောက်လာသော ဒရုန်းနှစ်စင်းကိုပစ်ချနိုင်ခဲ့ပြီး မြို့တော်၏အနောက်တောင်ဘက်ရှိ Kaluga ဒေသတွင် လေကြောင်းရန်ကာကွယ်ရေးစနစ်များမှ နောက်ထပ်ဒရုန်းတစ်စင်းကို ကြားဖြတ်ဟန့်တားခဲ့ကြောင်း အရေးပေါ်ဝန်ဆောင်မှုဌာန၏ ပြောပြချက်များအရ TASS သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

"ပဏာမ အချက်အလက်တွေအရ ဒရုန်း သုံးစင်းက မော်စကိုမြို့ကို ဦးတည်နေတယ်။ နှစ်စင်းကိုတော့ နယူးမော်စကိုလို့ခေါ်တဲ့ Novaya Moskva ဒေသမှာ ရေဒီယိုအီလက်ထရွန်နစ် စစ်ဆင်ရေးနည်းလမ်းတွေနဲ့နှိမ်နင်းနိုင်ခဲ့ပြီး တစ်စင်းကိုတော့ Kaluga ဒေသမှာ ပစ်ချနိုင်ခဲ့တာဖြစ်ပါတယ်"ဟု သတင်းရင်းမြစ်က TASS သို့ ပြောကြားခဲ့သည်။

ဇူလိုင် ၄ ရက် နံနက်ပိုင်းက Vnukovo လေဆိပ်သို့ ပျံသန်းဆိုက်ရောက်မည့် လေယာဉ် ၁၀ စင်းကို မြို့တော်၏အခြားလေဆိပ်နှစ်ခုဖြစ်သည့် She-remetyevo နှင့် Domodedovo လေဆိပ်တို့သို့ လမ်းကြောင်းပြောင်းခဲ့ရကြောင်း လေဆိပ်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။



မော်စကိုမြို့တော်တွင်ပါဝင်သည့် နယူးမော်စကိုခရိုင် (Novaya Moskva) တွင် ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်က ပေါက်ကွဲမှုနှစ်ခုထက်မနည်း ဖြစ်ပွားခဲ့ကြောင်း မျက်မြင်သက်သေ အများအပြားက အစီရင်ခံတင်ပြခဲ့ကြပြီး Telegram ချန်နယ်များစွာ၌ ကောင်းကင်တွင် မီးခိုးလုံးများထွက်ပေါ်နေသည့် ဗီဒီယိုဖိုင်များကို မျှဝေခဲ့ကြသည်။


ပြီးခဲ့သည့် သီတင်းနှစ်ပတ်ကလည်း ရုရှားစစ်ဘက်သည် မော်စကိုဒေသကို ပစ်မှတ်ထားတိုက်ခိုက်လာသည့် ဒရုန်းသုံးစင်းပါဝင်သော ယူကရိန်းတို့၏ဝင်ရောက်စီးနင်းတိုက်ခိုက်မှုကို တားဆီးနိုင်ခဲ့သည်။

ဒေသတွင်းရှိ အဆောက်အအုံများကို အကြမ်းဖက်တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် ဝင်ရောက်လာသော ဒရုန်းများကို အီလက်ထရွန်နစ် စစ်ဆင်ရေးနည်းလမ်းများဖြင့် ဖယ်ရှားနှိမ်နင်းခဲ့ရာ ဒရုန်းကို ထိန်းချုပ်လုပ်ဆောင်နိုင်ခြင်းမရှိဘဲ ပျက်ကျခဲ့ကြပြီး ထိခိုက်မှုတစ်စုံတစ်ရာမရှိခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ သိရသည်။

**Moscow targeted by drones – mayor ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မအူပင်မြို့နယ်တွင် မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိ



**မအူပင် ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိကြောင်း မအူပင်မြို့ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်မိုးမြင့်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် ဧပြီလနှင့် မေလက မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ထိသာ ဈေးရှိခဲ့ပြီး ဇွန် ၁ ရက်မှ ဇူလိုင် ၆ ရက်ထိ မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်း ရရှိလာကြောင်း၊ အဆိုပါ မြေပဲဆန်များ ဈေးကောင်းရရှိနေခြင်းကြောင့် မြေပဲစိုက်တောင်သူများ၊ မြေပဲနုတ်လုပ်သားများ၊ ကုန်သည်များ အဆင်ပြေလာကြောင်းသိရသည်။

“လက်ရှိ ပဲဈေးကွက်ထဲမှာ ဒေသထွက်မြေပဲဆန်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခု မအူပင်မြို့နယ်မှာ နွေမြေပဲတွေ ပေါ်နေဆဲဖြစ်ပါတယ်။ မြေပဲဆီ စားသုံးသူ များလာတာကြောင့် မြေပဲဆီတွေ ထုတ်လုပ်မှု အားကောင်းလာကာ မြေပဲဆန် ဈေးကောင်းလာတာပါ။ ဘာကြောင့်လဲဆိုတော့ မြေပဲဆီကို စားသုံးသူတွေ ပိုကြိုက်လာတာပါ။ မိုး မြေပဲအသစ်တွေ မပေါ်သေးတဲ့ အချိန်ထိ မြေပဲဆန်ဈေးက ကောင်းနေဖို့သာရှိပါတယ်။ ဒီနှစ် မြေပဲဆန် ဈေးကောင်းတော့ တောင်သူတွေက အစိကအဆင်ပြေနေသလို လုပ်သားတွေနဲ့ ကုန်သည်တွေလဲ အဆင်ပြေလာတယ်”ဟု မအူပင်မြို့ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

မအူပင်မြို့နယ်တွင် လက်ရှိ မြေပဲဆုံဆီအစစ် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက် မြေပဲဆီနှင့် မြေပဲဆန်များကို မအူပင်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ထုတ်လုပ်တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ မြေပဲဆီများ၊ မြေပဲဆန်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် အသေးစားဆီကြိတ်ခုံသည့်လုပ်ငန်းများလည်း ပြန်လည်လည်ပတ် လုပ်ကိုင်လာနိုင်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း မအူပင်မြို့ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်မိုးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**




# မိုးနဲမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အလှပြင်သင်တန်းဖွင့်

**မိုးနဲ ဇူလိုင် ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အလှပြင်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက ကျေးရွာများ၏ ဒေသထုတ်ကုန်များ၊ ဈေးကွက်လိုအပ်ချက်များ၊ လုပ်သားလိုအပ်ချက်များ၊ ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်း လိုအပ်ချက်များကို ဆန်းစစ်ရွေးချယ်ပြီး ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပို့ချပေးရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မိုးနဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးမည့် ပညာရပ်များကို ကြိုးစားသင်ယူသွားကြရန် မှာကြားပြီး ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသူများအား သင်ထောက်ကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့သည်။



အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အလှပြင်သင်တန်းသို့ မြို့နယ်အတွင်းရှိ ခိုတိပိုးကျေးရွာ၊ လွိုင်လင်းကျေးရွာ၊ ကုန်းကျောင်းကျေးရွာ၊ ပန်အူကျေးရွာ၊ နမ့်မော်ဆွမ်ကျေးရွာ၊ ဝမ်ယေးကျေးရွာ၊ နားခံကျေးရွာ၊ မယ်ဇလီမြိုင်ကျေးရွာနှင့် ခဲနွတ်ခမ်းကျေးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းတွင် မျက်နှာပေါင်းတင်နည်းအမျိုးမျိုး၊ ဖောင်ဒေးရှင်း မိတ်ကပ်လိမ်းနည်း၊ ပေါင်ဒါမျိုးစုံအသုံးပြုနည်း၊ ကာလာစုံခြယ်နည်းအမျိုးမျိုး၊ နှုတ်ခမ်းနီပုံဖော်နည်းနှင့် ဆံပင်ပုံစံအလှပြုပြင်နည်းများကို ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက ဇူလိုင် ၅ ရက်မှ ၂၀ ရက်ထိ ၁၆ ရက်ကြာ စာတွေ့လက်တွေ့ဖြင့် အခမဲ့ သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ဇီးကုန်းမြို့နယ် ရှားဖြူကုန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဇီးကုန်း ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရှားဖြူကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတွင်းလမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရှားဖြူကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံပြီး ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာသူ၊ ကျေးရွာသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဇီးကုန်းမြို့နယ် ရှားဖြူကုန်းကျေးရွာ၌ မြစ်မ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ ငွေကျပ် ၁၁ ဒသမ ၃ သန်း အသုံးပြုပြီး အရှည်ပေ ၁၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာလူထုကိုယ်တိုင် ဇွန် ၃ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၅ ရက်တွင် လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၇၅ အိမ်မှ လူဦးရေ ၂၉၂ ဦးတို့မှာ အဆိုပါလမ်းကို သွားလာအသုံးပြုလျက်ရှိကြောင်း သိရသည်။

**ကိုညို**

## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၆-၇-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ်အစည်းအဝေး တက်ရောက်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

**နေပြည်တော် ဇူလိုင် ၆**

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ ဆဋ္ဌမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားစာကြည့်တိုက် ဝန်ဇင်းမင်းရာဇာ ခန်းမဋ္ဌကျင်းပရာ မြန်မာနိုင်ငံအမျိုးသား ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကော်မတီဝင်ပညာရှင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအမျိုးသား ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက မိမိတို့နိုင်ငံ၏ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များကို နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပါကြောင်း၊ အစောဆုံး မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့သည့် ပျူမြို့ဟောင်း သုံးမြို့ဖြစ်သည့် ဟန်လင်း၊ သရေခေတ္တရာ၊ ဗိဿနိုးနှင့် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသတို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ပြီး မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်စေရေးအတွက် Nomination Dossier(Complete) ကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ပေးပို့ခဲ့ပြီး ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ထောင်ပေါင်းများစွာသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအနက် မြန်မာနိုင်ငံ၏ ပထမဆုံး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို UNESCO သို့ ၂၀၂၀ ပြည့်နှစ်က တင်ပြခဲ့သော်လည်း ပြန်လည်ပြည့်စုံအောင် ရေးသွင်းရမည့် အချက်အလက်အချို့ လိုအပ်နေကြောင်း အကြောင်းကြားလာသည့်အတွက် ပြန်လည်ရေးသားလျက်ရှိကြောင်း။

မြန်မာ့ရိုးရာမဟာအတာသင်္ကြန်ပွဲတော်ကိုလည်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် အဆိုပြုစာတွဲကို၂၀၂၃ ခုနှစ် မတ် ၂၄ရက်တွင် UNESCO သို့ ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနက စာရင်းကောက်ယူ မှတ်တမ်းတင်ထားသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပေါင်း ၂၂၈၉ ခုကိုလည်း မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်မှတ်ပုံတင်စာရင်း (ပထမအကြိမ်)အဖြစ် ၂၀၂၀ ပြည့်နှစ် မတ် ၂၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၀ ဖြင့် သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း ခေတ်နှင့်ညီအောင် ပြင်ဆင်ဖြည့်စွက်ရေးဆွဲထုတ်ပြန်ခဲ့ပါကြောင်း။

အများပြည်သူ အသိပညာဗဟုသုတပွားများစေရန်အတွက် အကြောင်းအရာစုံ၊ ကဏ္ဍစုံ ပြသနိုင်မည့် ပုဂ္ဂလိကပြတိုက်များ စနစ်တကျပေါ်ထွက်လာစေရန်နှင့် ပြတိုက်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့်အတွက် မြန်မာနိုင်ငံပြတိုက်များဥပဒေကြမ်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးဥပဒေ (မူကြမ်း)တို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အရေးပါသည့်ဥပဒေများကိုလည်း ပြဋ္ဌာန်းနိုင်ရေး သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

အဆိုပါဥပဒေများကို ပြဋ္ဌာန်းခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဥပဒေနှင့်အညီ ပိုမိုထိန်းသိမ်းစောင့်ရှောက်လာနိုင်ပြီး ပြည်သူတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဖော်ဆောင်လာနိုင်မည်ဖြစ်သလို ထုတ်ပြန်ခဲ့သည့် ဥပဒေ၊ နည်းဥပဒေများကို ပြည်သူလူထုအကြား ချပြရှင်းလင်း အသိပညာပေး လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရှာဖွေဖော်ထုတ်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း တိုးတက်ပြန့်ပွားအောင်ဆောင်ရွက်ရေး၊ နိုင်ငံတော်အတွင်းရှိ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရာတွင် အထောက်အပံ့ဖြစ်စေရန် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နိုင်ငံနှင့်ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများကို ကိုယ်စားပြုသည့် ပြတိုက်များပေါ်ပေါက်လာရေး၊ မြန်မာနိုင်ငံအနှံ့အပြား ပုဂ္ဂလိကပြတိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရေး၊ မြန်မာနိုင်ငံ ပြတိုက်များဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းနိုင်ရေးတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီ၏ တွဲဖက်အတွင်းရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အမှာစာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ဒြပ်ရှိ၊ ဒြပ်မဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် တိုင်းရင်းသားရိုးရာဓလေ့ထုံးတမ်းစဉ်လာများ ရှာဖွေဖော်ထုတ်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌက တင်ပြလာသည့် အမှာစာများကို ဆက်လက်တင်ပြရန်ကိစ္စရပ်များနှင့် ကော်မတီ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန်ကိစ္စရပ်များကို အတည်ပြုသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းကြသကဲ့သို့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကိုလည်း ပိုမိုတိုးတက် မှတ်တမ်းတင်နိုင်ရေး၊ မိမိနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို အခြားနိုင်ငံများက ပုံတူကူးယူခံရမှုမှ ကာကွယ်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အကြံပြုဆွေးနွေးချက်များနှင့် လိုအပ်ချက်များကို ကဏ္ဍအသီးသီးအလိုက် ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဆောင်ရွက်ပြီးစီးခဲ့သည့် အောင်မြင်မှုအားလုံးကိုလည်း ဗဟိုကော်မတီအနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်း အမြန်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်ပေးကြရန်နှင့် မြန်မာနိုင်ငံရှိ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို တိုင်းပြည်နှင့် လူမျိုးအတွက် ရှာဖွေဖော်ထုတ် သုတေသနပြုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် အားလုံးတက်ညီလက်ညီ စိတ်အား၊ လူအားရှိသမျှ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

(၅-၇-၂၀၂၃)

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လက်ရှိပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ သံတမန်များကို ရှင်းလင်းပြောကြား

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၏ လက်ရှိပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ ရန်ကုန်မြို့အခြေစိုက် သံတမန်များနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်တို့အား ရှင်းလင်းပြောကြားမှုအစီအစဉ်ကို ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ၆-၇-၂၀၂၃ ရက်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ ရှင်းလင်းပြောကြားမှုအစီအစဉ်သို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး၊ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများ၊ အဆင့်မြင့်သံတမန်များနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

ရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာအစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးအပါအဝင်ဒီမိုကရေစီဖော်ဆောင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ၊ ရွေးကောက်ပွဲမသမာမှုနှင့်ဆက်စပ်သည့် မတည်ငြိမ်မှုများ၊ ဆိုင်ကလုန်းမုန်တိုင်းမိုခါကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် ပထဝီဝင်နိုင်ငံရေးအရ သက်ရောက်မှုများနှင့် သတင်းမီဒီယာ စစ်ပွဲဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော်လည်း တရားဥပဒေစိုးမိုးရေးဆောင်ရွက်ခြင်း၊ ငြိမ်းချမ်း၍ အများပါဝင်နိုင်သော နိုင်ငံရေးလုပ်ငန်းစဉ်ဖော်ဆောင်ခြင်းတို့ဖြင့် ကြိုးပမ်းလျက်ရှိသည်ကို ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် အာဆီယံတူညီဆန္ဒ(၅)ချက် ဖော်ဆောင်ရာတွင် အရေးကြီးဆုံးအချက်များဖြစ်သည့် အကြမ်းဖက်မှုများရပ်တန့်ရေး၊ အားလုံးပါဝင်သည့် ဆွေးနွေးပွဲများ ကျင်းပရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ ပေးအပ်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အကြိမ် ၅၀၀၀ ကျော် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲမှုစတင်ခဲ့သည်မှာ ၃၃ နှစ်တိုင်ရှိပြီး အပြီးသတ်ငြိမ်းချမ်းရေးအတွက် မြန်မာအစိုးရအဆက်ဆက်က ကြိုးပမ်းအားထုတ်ခဲ့ကြောင်းတို့ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်အရ စတင်တိုက်ခိုက်မှုမပြုခြင်း၊ ပြည်သူများကို အကာအကွယ်ပေးရန် ထိန်းထိန်းသိမ်းသိမ်းနှင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဂျီနီဗာကွန်ဗင်းရှင်းပါ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်များကိုလည်း အသိပေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက PDF အကြမ်းဖက်များ၏ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ ၅၉၃၈ (အရပ်သား ၄၈၇၈ ဦးနှင့် အစိုးရဝန်ထမ်း ဦးရေ ၁၀၆၀) ကျော် ထိခိုက်သေဆုံးခဲ့ခြင်း၊ PDF များ၏ အဖျက်အမှောင့်လုပ်ငန်းများ ကျူးလွန်မှုများ၊ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို အဟန့်အတားဖြစ်အောင် လုပ်ဆောင်နေမှုများ၊ ၎င်းတို့၏ဥပဒေပြင်ပလုပ်ရပ်များမှ ပြည်သူများကို ကာကွယ်ရန် အစိုးရအနေဖြင့် PDF အကြမ်းဖက်သမားများကို တုံ့ပြန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းများအကြား ငြိမ်းချမ်းရေးနှင့် သဟဇာတရှိစေရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှု အခြေအနေများနှင့် နိုင်ငံသားစိစစ်ပြီးသည့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာစတင်နိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် မိုခါဆိုင်ကလုန်းဘေးဒဏ် ထိခိုက်ခံစားခဲ့ရသည့် ဒေသများနှင့် ပြည်သူများကို ကူညီကယ်ဆယ်မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အမေးအဖြေကဏ္ဍတွင် တက်ရောက်လာသည့် သံတမန်များက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ရှင်းလင်းပြောကြားမှုအပြီး တက်ရောက်သူများက ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ အချက်အလက်များကို ကြည့်ရှုကြကြောင်း သိရသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၆ ရက်**

## (၅)ကြိမ်မြောက် အာရှ-ဥရောပ ဖောင်ဒေးရှင်း၏ လူငယ်ခေါင်းဆောင်များ တွေ့ဆုံပွဲ (5th ASEF Young Leaders Summit-ASEFYLS5) ပါဝင်လျှောက်ထားနိုင်

(၅)ကြိမ်မြောက် အာရှ-ဥရောပဖောင်ဒေးရှင်း၏ လူငယ်ခေါင်းဆောင်များ တွေ့ဆုံပွဲ (5th Young Leaders Summit-ASEFYLS5) **"လူ့အဖွဲ့အစည်းအတွင်း ခေါင်းဆောင်မှုပညာ"** ခေါင်းစဉ်ဖြင့် ၂၀၂၃ ခုနှစ် ဇွန်လမှ ဒီဇင်ဘာလထိ Virtual စနစ်ဖြင့်လည်းကောင်း၊ စပိန်နိုင်ငံ Salamanca မြို့တွင်လည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်သဖြင့် မြန်မာနိုင်ငံမှ အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်းရှိ ရပ်ရွာဒေသတွင်း ခေါင်းဆောင်မှုအတွေ့အကြုံရှိပြီး အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုရေးသားနိုင်သည့် လူငယ်ကိုယ်စားလှယ်များ ပါဝင်လျှောက်ထားနိုင်ပါသည်။

အဆိုပါတွေ့ဆုံပွဲကို လူငယ်များအတွက် ဦးဆောင်မှုအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ၎င်းတို့အချင်းအချင်းအကြား သင်ယူနိုင်ရန်၊ အာရှ-ဥရောပနိုင်ငံများမှ လူငယ်များအချင်းချင်းအကြား ၎င်းတို့သက်ဆိုင်ရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အပြန်အလှန်မျှဝေ၍ နားလည်သဘောပေါက်လာစေရန်နှင့် အနာဂတ်ကာလ ပူးပေါင်းဆောင်ရွက်မှုများ၏ အခြေခံအုတ်မြစ်များကို တည်ဆောက်နိုင်ရန် ရည်ရွယ်၍ အပိုင်း(၃)ပိုင်းဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် ဩဂုတ် ၄ ရက်မှ ၂၈ရက်ထိ ခေါင်းဆောင်မှုပညာနှင့်စပ်လျဉ်း၍ အသိပညာဗဟုသုတများမြှင့်တင်ဆောင်ရွက်ခြင်းခေါင်းစဉ်ကို Virtual စနစ်ဖြင့်လည်းကောင်း၊ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်ထိလူငယ်တွေ့ဆုံပွဲကို စပိန်နိုင်ငံ Salamanca မြို့တွင်လည်းကောင်း၊ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၅ ရက်ထိ လက်တွေ့ဘဝတွင်ရင်ဆိုင်နေရသည့် ခေါင်းဆောင်မှုပညာဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ခြင်းခေါင်းစဉ်အား Virtual စနစ်ဖြင့်လည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ပါဝင်လျှောက်ထားလိုသည့် လူငယ်ကိုယ်စားလှယ်များအနေဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၉ ရက်နောက်ဆုံးထား၍ https//asef.org/news/how-can-youth-lead-for-the-next-stage-of-society-society-5-0-open-call-for-participants-for-the-5th-asef-young-leaders-summit-asefyls5/ သို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက asefyls@asef.org သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ပါသည်။

**လူငယ်ရေးရာဦးစီးဌာန**

## စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ China-ASEAN Forum on Emerging Industry သို့ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဇူလိုင် ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနကကြီးမှူး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံးပြည်နယ် ရှန်းကျန်းမြို့၌ ဇူလိုင် ၄ ရက်မှ ၅ ရက်ထိ ကျင်းပခဲ့သည့် China-ASEAN Forum on Emerging Industry သို့ တက်ရောက်ပြီး ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးသံမှူး Mr.Ouyang Daobing နှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



☆ **ကျောဖုံးမှအဆက်**

ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" သည် ယခုအသက် ၁၁ လခွဲသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၁၀ လက်မ၊ ကိုယ်လုံး လုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၆၇၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဗိုလ်ချုပ်အောင်မျိုးထွန်း နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



ဗိုလ်မှူးချုပ်အောင်ကျော်မိုး ရွာသစ်ကေကျေးရွာရှိ စပါးစိုက်တောင်သူများကို GW- 11 စပါးမျိုးစေ့များနှင့် ပတ်သက်၍ အထွက်နှုန်းတိုးတက်စေရေးအတွက် ဆွေးနွေးစဉ်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း( မိုခါ )တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက်တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ မင်းကျောင်းဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တမဟိန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါကျောင်းတိုက်၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများကို ဆီ၊ ရေသန့်၊ စားသောက်ဖွယ်ရာများနှင့် တိုင်းရင်းဆေးလုပ်ငန်းရှင်များက ပေးပို့လှူဒါန်းထားသည့် တိုင်းရင်းဆေးမျိုးစုံတို့ကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် သန်ပန်ချောင်းရပ်ကွက်ရှိ MSME လုပ်ငန်းတစ်ခုဖြစ်သည့် ငါးကွမ်းရှပ်ငါးတစ်မျိုးတည်းဖြင့်သာထုတ်လုပ်လျက်ရှိသည့် 7- TOP ငါးမုန့်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူဘူးသီးတောင်မြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွန်တိုင်ကျေးရွာအုပ်စု စက်မှုအထက်တန်းကျောင်း၌ ကျေးရွာအုပ်စု သုံးစုတို့မှ လေဘေးသင့်ပြည်သူများကို အိမ်ဆောက်ပစ္စည်းများ၊ ဆန်၊ ဆားနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး အဆိုပါကျောင်း၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လေဘေးသင့်ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လေဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများဖြန့်ဝေပေးမှုအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးကြရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ၎င်းနောက် ဘူးသီးတောင်တပ်နယ်အတွင်းရှိ မူကြိုကျောင်းများမှ ကလေးငယ်များကို အာဟာရဖြည့်စွက်စာများ သွားရောက်ကျွေးမွေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူမြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ဗိုလ်ချုပ်သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြောက်ဦးမြို့နယ်အတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ကျိုးကျပြိုလဲခဲ့သော မြို့တွင်းတယ်လီဖုန်းကွန်ကရစ်တိုင်များ အသစ်လဲလှယ်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်မျိုးထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အရှေ့မြောက်ရပ်ကွက်ရှိ ဓမ္မာရုံကြီး၌ ဒေသခံပြည်သူများကို နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုကိုသွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါဓမ္မာရုံကြီးအတွက် သွပ်ချပ် ၅၀ လှူဒါန်းခဲ့သည်။

ထို့အတူ ချင်းပြည်နယ် ပလက်ဝမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်နေဝင်းအောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကိုမိုခန်းမ၌ မိုခါမုန်တိုင်းဒဏ်ကြောင့် နေအိမ်များပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေ၊ သစ်ခွဲသားနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး နေအိမ်ပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေ၊ သစ်ခွဲသားနှင့် ထောက်ပံ့ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများကိုပေးအပ်ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်ကျော်မိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရွာသစ်ကေကျေးရွာရှိ စပါးစိုက်တောင်သူများကို GW- 11 စပါးမျိုးစေ့များနှင့်ပတ်သက်၍ အထွက်နှုန်းတိုးတက်စေရေးအတွက် စနစ်တကျစိုက်ပျိုးရန်၊ ရာသီအမီစိုက်ပျိုးနိုင်ရေးနှင့် လိုအပ်သောသွင်းအားစုများကို ထည့်သွင်းအသုံးပြုရန်စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ထို့အတူ ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဝင်းမောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေးရုံး၌ မျိုးစပါးထောက်ပံ့နေမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး အထက်တန်းကျောင်းခွဲ (အလယ်စု)ရှိ ကျောင်းသား၊ ကျောင်းသူများကို ဒံပေါက်ဘူးများပေးဝေလှူဒါန်းသည်။ ယင်းနောက် ဦးရာဇ်တော်ကြီးတံတား ပြန်လည်ပြုပြင် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မောင်တောမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကညင်ချောင်းစီးပွားရေးဇုန်ရှိ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့မည့်ကုန်ပစ္စည်းများအား စက်လှေများပေါ်သို့တင်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့တို့သို့ရောက်ရှိနေသော နယ်လှည့်ဆေးကုသရေးအဖွဲ့များသည် ဒေသခံပြည်သူများကို သက်မှတ်နေရာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၆**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့်ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါးကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့်မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့်စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှိုစားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာသောဈေးနှုန်း များဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့်ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**



# စစ်တွေမြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၆**

မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရွှေစေတီ ဘုန်းတော်ကြီးကျောင်း၊ ပညာလင်္ကာရ ဘုန်းတော်ကြီးကျောင်း၊ အဘယရက္ခိတ ဘုန်းတော်ကြီးကျောင်းနှင့် အောင်မြေ ဇောတိသာသနာ့ရိပ်သာ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းတို့ရှိ သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ရန်ကျန်ရှိသည့် အဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အဆိုပါဘုန်းတော်ကြီးကျောင်းတိုက်များရှိ ဆရာတော်များကို ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**စစ်တွေမြို့ ရွှေစေတီဘုန်းတော်ကြီးကျောင်းတိုက်ဆရာတော်ထံ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၆**

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် စေတနာရှင်အလှူရှင်များကလှူဒါန်းသည့် အခြေခံစားသောက်ကုန်ပစ္စည်း ၃ ဒသမ ၇၆၉ တန်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့်ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကိုတပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၆၄ ဒသမ ၉တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့်ဌာနဆိုင်ရာဝန်ထမ်း ၃၅၄၂ ဦး တို့ကိုပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့်လေဆိပ်များသို့ရောက်ရှိသည့်ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါတပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသောပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။



**ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။**




(၆-၇-၂၀၂၃)မှစ၍ နေ့စဉ် ညနေ(၆း၃၀)နာရီမှ ည (၉း၁၅)နာရီအထိ MWD Education, Knowledge & Sports Channel မှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါသည်။

## Grade-10 ဘာသာရပ်ပို့ချမှုအချိန်ဇယား

| စဉ် | ရက်စွဲ | ထုတ်လွှင့်ချိန် | | ဘာသာရပ် | မှတ်ချက် |
|---|---|---|---|---|---|
| | | မှ | ထိ | | |
| ၂ | ၇-၇-၂၀၂၃ | ၁၈း၃၀း၀၀ | ၁၈း၄၅း၀၀ | မြန်မာစာ - နှမထွေးမယ့်ကိုလိုလျှင် | |
| | | ၁၈း၄၅း၀၀ | ၁၉း၀၅း၀၀ | အင်္ဂလိပ်စာ - Unit(3) ZERO Reading | |
| | | ၁၉း၀၅း၀၀ | ၁၉း၃၀း၀၀ | သင်္ချာ - Chapter(2)Operations with Radicals, 2.1.4 Rational Exponents | |
| | | ၁၉း၃၀း၀၀ | ၁၉း၅၀း၀၀ | ဓာတုဗေဒ - (2.4) Solutions and Solubility | |
| | | ၁၉း၅၀း၀၀ | ၂၀း၁၅း၀၀ | ရူပဗေဒ - Chapter(2) 2.4 Motion Graphs | |
| | | ၂၀း၁၅း၀၀ | ၂၀း၄၀း၀၀ | ဇီဝဗေဒ - 1.3.5 Kingdom Animalia Phylum Chordata(Vertebrata) Table(1.6) | |
| | | ၂၀း၄၀း၀၀ | ၂၀း၅၀း၀၀ | ပထဝီဝင် - အခန်း(၁) ရာသီဥတုအမျိုးအစားများ | |
| | | ၂၀း၅၀း၀၀ | ၂၁း၀၀း၀၀ | သမိုင်း - အခန်း(၁) သုဝဏ္ဏဘူမိ | |
| | | ၂၁း၀၀း၀၀ | ၂၁း၁၅း၀၀ | ဘောဂဗေဒ - အခန်း(၃) စီးပွားရေးလုပ်ဆောင်ချက်များ(ဂ)လဲလှယ်ခြင်း | |

0w Kw M @

# အိမ်ရှင်မ

စိုးစိုး




(၁)

"မနက်မလင်းသေးဘူး ကျုပ်ကတော့ ထရပြီ။ သူတို့အဆင်သင့်စားရဖို့ လုပ်ရပြီ"

ကြားရပါပြီ။ ကျွန်တော်တို့ မာတာမိခင်ကြီး၏အသံ။

"နေမြင့်လှပြီနော်။ အိမ်ကြီးရှင်တို့"

ကျွန်တော်အိပ်ရေးမဝသေးပါ။ သို့သော် အိပ်ရာက ထမှဖြစ်မည်။ အဖေလည်း အိပ်ရာမှထကာ အိမ်နောက်ဘက်ရှိ ရေကန်သို့ မျက်နှာသစ်ရန်သွားပြီ။ အဖေက ရုံးအုပ်ရာထူးဖြင့် ပင်စင်ထိုင်သည်မှာ သုံးနှစ်ရှိပြီ။ ကျွန်တော်သည် အငယ်တန်းအင်ဂျင်နီယာရာထူးဖြင့် စည်ပင်ရုံးတွင် တာဝန်ထမ်းဆောင်နေသည်။

"ဝေသီ၊ မာသီ ထကြတော့။ အလှပြင်မှာနဲ့ဘာနဲ့ ပြီးရင် ဖျာယာခတ်အောင် လုပ်ကြ၊ ကိုင်ကြ။ အင်း ငါလဲမောပါတယ်။ ညည်းတို့ကို ငါကပဲ မသင်ပြတတ်တာလား။ ညည်းတို့ကပဲ အတော်ညံ့တာလား"

"ထပြီ ထပြီ အမေရေ။ အမေ့မှာလဲ မိုးလင်းတာနဲ့ အော်ဟစ်နေရော။ အမေ့အသံကို တောင်ဘက်ကမ်းက လူတွေတောင် ကြားရလောက်တယ်"

ညီမငယ် မာသီ့စကားကြောင့် ကျွန်တော်ပြုံးလိုက်မိသည်။ အမေ့ကို သူတစ်ယောက်သာ ပြန်ပြောရဲ၏။ ကျွန်တော်တို့နေထိုင်သည်မှာ စစ်ကိုင်းမြို့ မြေဝတီရပ်ကွက်တွင်ဖြစ်သည်။ အကြီးမ ဝေသီက အိမ်ရှေ့တွင် စက်ချုပ်ဆိုင်ဖွင့်ထားသည်။ အငယ်မ မာသီက အလယ်တန်းပြကျောင်းဆရာမ။ သည်နေ့ ကျောင်းပိတ်ရက်ဖြစ်၍ ညီအစ်မနှစ်ယောက်ကို ကျောက်ဆည်ရှိ ဆွေမျိုးများထံ အကြွေးတောင်းရန် အမေက သွားခိုင်းထားသည်။

"ဟဲ့ မာသီ ညည်းရစရာရှိတာ အကုန်ရအောင် တောင်းခဲ့။ ဝေသီက အေးစက်စက်နဲ့။ သူများက အဆင်မပြေသေးဘူးပြောရင် သနားပြီးဆက်တောင်းမှာ မဟုတ်ဘူး"

"အမေကလဲ သူတို့က ကိုယ့်အမျိုးတွေပဲကို။ ဒီနှစ်မပေးနိုင်လဲ နောက်နှစ်ပေးလိမ့်မယ်ပေါ့"

"အံ့သြပါ့ မိဝေသီ။ အဲဒီလိုစိတ်ကြောင့် ညည်းကို အားမကိုးချင်တာ။ ဖအေတူသမီး သူတော်ကောင်းမကြီး"

"ကဲပါ မမရေ ထမင်းကြော်စား။ အခုမနက်စောစောသွားမှ ညနေစောစောပြန်လာလို့ရမှာလေ"

"သမီးတို့ ဆိုင်ကယ်ဖြည်းဖြည်းမောင်းနော်။ ဘာလုပ်လုပ် အလောတကြီးမလုပ်ရဘူး"

ထမင်းကြော်စားနေရင်း အဖေက သမီးနှစ်ယောက်ကို မှာကြားနေသည်။

အဖေ့မှာကြားသံကို ကြားလိုက်သော ကျွန်တော်က "အစ်ကိုကြီးက ပိတ်ရက်လဲ အလုပ်ရှိနေလို့မလိုက်ခဲ့နိုင်တာပါကွာ။ ငါ့ညီမတွေက အားကိုးရနေပြီ"ဟု လှမ်းပြောလိုက်သည်။

ယခင်နှစ်များကတော့ စပါးပေါ်ချိန်တိုင်း အမေနှင့်အတူ ကျွန်တော်သာ အကြွေးလိုက်တောင်းရသည်။ သည်နှစ်တော့ အမေ၏ ဒူးနာရောဂါပိုဆိုးလာ၍ ညီအစ်မနှစ်ယောက်ကို လွှတ်ရခြင်းပင်။ ပြီးခဲ့သော သုံးရက်ကတည်းက အမေဖုန်းတစ်လုံးဖြင့် အကြွေးရမည့်သူများနှင့် စာရင်းရှင်းနေသည်။

"အမေပြောပြီးသားနော်။ သမီးကို ဆိုင်ကယ်အသစ်ဝယ်ပေးရမယ်။ အခြားဆရာမတွေဆိုရင် ဒ်ငေpyဆိုင်ကယ်အသစ်လေးတွေနဲ့ ကျောင်းလာကြတာ။ အမေက ပိုက်ဆံရရင် ရွှေဝယ်ဖို့ပဲ"

"ဟဲ့ ရွှေကဝယ်ရမယ်။ တစ်မူးရရ၊ တစ်ပဲရရ ကျုပ်ဝယ်စုခဲ့တာ။ ရွှေဆိုတာက မိဘလိုကိုးကွယ်လို့ရတယ်။ သားသမီးလိုလဲ တိုးပွားတယ်"

"ဟင် ဘယ်လိုကြီးလဲ"

"ရွှေက မိဘလိုပဲ။ သားသမီးက ပိုက်ဆံလိုရင် ချက်ချင်းငွေဖြစ်ပေးတယ်လေ။ ရွှေကို အရင်းအနှီးပြုလိုက်ရင် သားသမီးလိုပဲ တိုးပွားလာတာပေါ့အေ"

"မရဘူးနော် အမေ။ သမီးကို ဒ်ငေpyဆိုင်ကယ်ဝယ်ပေးရမှာပဲ"

"ညည်းက ကလေးတွေကို စာသွားသင်တာလား။ ကျောင်းသွားပြီး ဟန်ရေးပြချင်တာလား။ အခုစီးနေတဲ့ဆိုင်ကယ်လဲ ကောင်းနေတာပဲ။ မလိုတာမလုပ်ချင်နဲ့။ စက်ပစ္စည်းက ဝယ်ပြီးသုံးပြီးရင် တန်ဖိုးကျတယ်အေ့။ ကိုယ့်ရှိတာသာ ရှိရှိသေးသေးသုံးပါအေ။ ငါ့သမီးဆရာမ ပွဲနေပွဲထိုင်ဝတ်ဖို့ ဆွဲကြိုးတုတ်တုတ်လေး အမေဝယ်ပေးပါ့မယ်။ စားစား။ စာရင်းစာအုပ်လဲ မေ့မသွားနဲ့။ ဖုန်းနဲ့တော့ ရစရာရှိတဲ့သူတွေကိုသေချာပြောပြီးသားပါ"

မာသီ၏အရေးဆိုစကားက သည်မှာတင် ရပ်လိုက်ရပါပြီ။ သည်အိမ်တွင် အမေအိမ်ရှင်မကြီး၏ စကားဆုံးဖြတ်ချက်ကို အဖေနှင့်အတူ ကျွန်တော်တို့မောင်နှမတွေ လိုက်နာကြရသည်။

"အဖေ"

"အေး သမီး ထမင်းကြော်က စားကောင်းတယ်နော်။ ညည်းတို့အမေလက်ရာက ဘယ်တော့မှ မရှုံးဘူး။ သူ့စကားဆုံးဖြတ်ချက်ကလဲ ဘယ်တော့မှ မမှားဘူး"

အဖေကများ သူလိုချင်သည့်ပစ္စည်းကို ဝယ်ပေးအောင် အမေ့ကို ကူပြောပေးလေမလားဆိုပြီး မျှော်လင့်ချက်လေးနှင့် "အဖေ"ဟု ခေါ်လိုက်မိသော ညီမငယ်မာသီ ဘာစကားမျှ ထပ်မပြောတတ်တော့ပါ။

(၂)

"သားကြီးရေ မင်းညီမဝေသီကို အိမ်ထောင်ချပေးရမလားလို့။ မင်းအဖေကတော့ သိတဲ့အတိုင်းပဲ သင့်တော်သလိုလုပ်တဲ့။ ငါ့သားလဲ အကဲခတ်ပေးအုံး"

ကျွန်တော်သိနေသည်။ မည်သည့်အရာကိစ္စမျိုးဖြစ်ပါစေ အမေက သေချာသုံးသပ်တွက်ချက်တတ်သူ။ ကျွန်တော့်လို အင်ဂျင်နီယာပေါက်စပင် အမေ့လိုအတွက်အချက်မတော်ပါ။ လူ့အရည်အချင်း၊ အမူအရာ၊ ကိုယ်ရည်ကိုယ်သွေး၊ အကဲခတ်ခြင်းပညာက အမေ၏ ကျွမ်းကျင်သောပညာပင်။

"မနှစ်ကတည်းက အမေအကဲခတ်နေတဲ့ ဦးထွန်းလှရဲ့သား ကိုမင်းသူနဲ့ ဝေသီကို ပေးစားချင်နေတာမလားအမေ။ အမေ ဆုံးဖြတ်ရင် မမှားပါဘူး"

"အေးလေကွယ်။ မင်းညီမက အနေကအေးသေး။ သူ့ဘာသာလဲ ဘာမှမဆုံးဖြတ်တတ်ဘူး။ သူ့အတွက် မောင်မင်းသူက သင့်တော်တယ်။ အမေ လေ့လာသလောက်တော့ ကောင်ကလေးက စိတ်သဘောထားမဆိုးပါဘူး။ အဖေတစ်ခု၊ သားတစ်ခု စီးပွားရေးလဲ လုပ်တတ်ဆိုတော့"

"ဝေသီ့ သဘောထားကကော။ သူသဘောမတူရင်တော့ အတင်းမလုပ်ပါနဲ့ အမေ"

"မင်းညီမကတော့ မြုံစိစိပဲ။ အမေ့ သဘောပါတဲ့"

အမေ့သဘောနှင့်ပင် မောင်မင်းသူနှင့် ဝေသီတို့ တင့်တယ်စွာ လက်ထပ်ဖြစ်သွားသည်။ ခင်ပွန်းအိမ်လိုက်နေရမည်ဖြစ်သော ညီမဝေသီကို အမေက မိန်းမဝတ္တရားများနှင့် နေတတ်ထိုင်တတ်စေရန် သွန်သင်ပေးသည်။ အငယ်မ မာသီကတော့ မမဝေသီပြီးလျှင် သူ့အလှည့်ရောက်မည်ကို စိုးရိမ်သည်ဟု ကျွန်တော့်ကို အမေ မသိအောင်ပြောသည်။ ကျွန်တော့်ကို ဦးစွာ အိမ်ထောင်ချပေးရန် အမေ မေ့နေသလား မဆိုနိုင်။ ကျွန်တော်သည်လည်း အမေ မိန်းမရှာမပေးသည်ကို ဝမ်းသာနေမိသည်။ ကျွန်တော့်ချစ်သူကိုလည်း အမေနှင့် တွေ့မပေးရဲသေးပါ။ ကျွန်တော့်ချစ်သူ ရုံးစာရေးမလေး ခင်ယုမွန်က ခေတ်ရှေ့ပြေးလွန်းသည်။ အသစ်အဆန်းကို မက်မောတတ်သည်။ ငယ်စဉ်ကတည်းက မိဘများဆုံးပါးသွားသည့်နောက် အဘိုး၏ ပြုစုထိန်းကျောင်းမှုဖြင့်သာ နေခဲ့ရသည်။ အဘိုးဖြစ်သူကလည်း မိဘမဲ့မြေးမလေးကို အလိုလိုက် အကြိုက်ဆောင်ထားခဲ့သည်။ ထို့ကြောင့်ပင် အရာရာ သူ့စိတ်တိုင်းကျသာ ပြုမူနေထိုင်သည်။ သူ့ကို ကျွန်တော် လက်ထပ်ချင်ကြောင်း ပြောမိလျှင် အမေက သေချာလေ့လာ အကဲခတ်ပြီး စိတ်တိုင်းမကျဘဲ ကန့်ကွက်လိမ့်မည်ဟု ကျွန်တော်ထင်နေမိ၏။

(၃)

"အမယ်လေးအေ။ ငါ့သမီး ကျောင်းဆရာမကြီး နွေကျောင်းပိတ်ရက်များတော့ အိမ်အလုပ် ငါနားရပြီ။ ငါ့သမီး အိမ်အလုပ်တွေလုပ်လိမ့်မယ်လို့ မျှော်မိတာမှားပေါ့။ ဟိုသင်တန်း၊ ဒီသင်တန်းနဲ့ အလုပ်ကို ရှုပ်နေတာပဲ"

"ဟုတ်ပါရဲ့ အမေရယ်။ သမီးလဲ အိမ်အလုပ်ကူချင်ပါတယ်။ သင်တန်းက မတက်လို့မရလို့ပါ။ အစ်ကိုကြီးကို မိန်းမယူခိုင်းလိုက်ပါလား။ အစ်ကိုကြီးက ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်နော်။ ခင်ဇော်ထွန်းဟော့ဆိုရင် ကောင်မကလေးတွေက ကြွေပြီးသား။ ချွေးမရရင် အိမ်အလုပ် အမေသက်သာပြီလေ။ ဟဲဟဲ"

"ငါ့သားကြီးကို မိန်းမ မယူခိုင်းပါဘူး။ ညည်းသာ ငါပြောထားတဲ့ဝင်းမောင်မောင်ကို စဉ်းစား။ ရွှေဆိုင်ပိုင်ရှင်ရဲ့တစ်ဦးတည်းသောသားအေ့။ ညည်းအတွက် နောင်ရေးစိတ်အေးရမယ်"

"ဟာ သမီးပြောပြီးသားနော် အမေ။ ဝင်းမောင်မောင်ကို လက်မခံနိုင်ဘူး။ သဘောမကျဘူး။ အမေ့သဘောမလုပ်နဲ့"

"ဟဲ့ ဒီအမေက မကောင်းတာစီစဉ်ပါ့မလား။ ဝေသီ့ကို ကြည့်စမ်း ဘယ်လောက်သာယာတဲ့ အိမ်ထောင်ရေးလဲ"

အမေ့ ရွေးချယ်မှုမှန်ကန်ခြင်း၊ ညီမ ဝေသီကံကောင်းခြင်းတို့ကြောင့် သားလေးတစ်ယောက်နှင့် ဝေသီတို့ အိမ်ထောင်ရေးသာယာသည်။ အဖေ့မှာတော့ ဝေသီ့သား မြေးဦးလေးကိုထိန်းပြီး ပီတိဖြစ်လျက်။ မာသီ့တွင် ချစ်သူရှိနေပြီဟု အမေသိနေသည်။ မာသီနှင့် ထိုကောင်ကလေးကို အမေက သဘောမတူနိုင်။ မိဘဆိုသည်ကလည်း ကိုယ့်သားသမီးကို ရွှေပေါ်မြတင်ထားချင်ကြသည်။ မာသီ့ချစ်သူကောင်ကလေးက ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားပုံစံ၊ အရောင်းအဝယ်သမားလိုလိုနှင့် ဘဝရှေ့ရေးကို စိတ်မဝင်စားသူဟု အမေက သုံးသပ်ပြသည်။ ကျွန်တော်ကတော့ မာသီ့ နှလုံးသားရေးရာကို မပိတ်ပင်လိုပါ။

(၄)

"ဘာပြောတယ် မာသီ။ ငါသဘောမတူဘူးပြောထားတယ်နော်"

အသားများတဆတ်ဆတ်တုန်ကာ အမေအလွန်စိတ်တိုနေသည်။

"မလေးခင်ရာ။ သီးချိန်တန်လို့ သီးတာပဲ။ သမီးစုံမက်နေတာလေကွာ။ ကောင်ကလေးက လာတောင်းမယ်ဆိုတော့ လက်ခံရမှာပေါ့"

"ဟုတ်ပါတယ် အမေရယ်။ ညီမလေးလဲ မငယ်တော့ပါဘူး"

"အေး မင်းညီမ မွန်ထူနေတာ။ ဘာကောင်းတဲ့ကောင်မို့လဲ။ သူ့ကို ဦးစီးဦးဆောင်နိုင်မဲ့ကောင်မျိုးမဟုတ်လို့ မအေက တားနေတာ"

"သူများကို အဲဒီလောက်အထင်အမြင်မသေးပါနဲ့ အမေ။ သူလဲ အခုအလုပ်ဝင်နေပါပြီ။ စာရေးရာထူးဆိုလဲ သမီးအတွက်ဂုဏ်မငယ်ပါဘူး"

မာသီကလည်း လုံးဝအလျှော့မပေးပါ။ နောက်ဆုံးတော့လည်း သားသမီးကိုနိုင်သည့်မိဘ မရှိဆိုသည့်နှယ် အမေ အရှုံးပေးရပါပြီ။ မာသီ့ကောင်ကလေး၏မိဘများမှာလည်း ခပ်ပေါ့ပေါ့ပုံစံများသာ။ ရရစားစားနှင့် ဘဝကို အလေးအနက်ထားသည့်ပုံ မပေါ်ကြပါ။ အမေ စိတ်လျှော့လိုက်သည်။ အငယ်ဆုံးသမီး သွက်လက်ထက်မြက်သော ကျောင်းဆရာမလေးက ချစ်တာတစ်ခုတည်းနှင့် မိဘကို ဆန့်ကျင်ကာ အိမ်ထောင်ထူသွားတော့သည်။ အကြီးမဝေသီကို လက်ဖွဲ့ခဲ့သလို မာသီ့ကိုလည်း အမေကရွှေသုံးကျပ်သားလက်ဖွဲ့လိုက်သည်။

စာမျက်နှာ ၂၅ သို့ ➤

# လပွတ္တာမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံသုံးမျိုး ဧက ၁၃၇၀ စိုက်ပျိုးမည်



ယခင်နှစ်က စိုက်ပျိုးခဲ့သည့်ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**လပွတ္တာ ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံသုံးမျိုး ဧက ၁၃၇၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးသီးနှံသုံးမျိုးဧက ၁၃၇၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ မိုးသီးနှံသုံးမျိုး ဧက ၁၃၇၀ စိုက်ပျိုးရာတွင် ပဲစင်းငုံ ၉၉ ဧက၊ ကြံ ၁၂၆ ဧက၊ ပီလောပီနံ ၁၁၄၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးသီးနှံသုံးမျိုးဧက ၁၃၇၀ စိုက်ပျိုးမှာဖြစ်ပါတယ်။ မိုးသီးနှံ စိုက်ပျိုးရာသီမှာ သီးနှံတွေအားလုံး အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ မြေယာပြုပြင်တဲ့လုပ်ငန်းတွေကို ပြီးခဲ့တဲ့လတွေထဲမှာ လုပ်ဆောင်ပေးခဲ့ပါတယ်။ အခုလထဲမှာ သီးနှံတွေကို စတင်စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ သီးနှံတွေ ပိုးမွှားအန္တရာယ် ကင်းရှင်းဖို့နဲ့ အထွက်နှုန်းကောင်းဖို့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ မိုးသီးနှံတွေကို ပြန်လည် ရိတ်သိမ်းတဲ့အချိန်ထိ ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးမည့်သီးနှံများကို အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရန်၊ သဘာဝဘေးကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# မိုးမိတ်မြို့နယ် ကွမ်းတောအင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးမိတ် ဇူလိုင် ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကွမ်းတောအင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်း၊ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကွမ်းတောအင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကွမ်းတောအင်းကျေးရွာ၌ လမ်းအရှည်ပေ ၇၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၇ သန်း၊ ကျေးရွာလူထု ထည့်ဝင်ငွေကျပ် ၁ ဒသမ ၅၃ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



➤ စာမျက်နှာ ၂၅ မှအဆက်

"သားကြီးရေ ဝေသီ့အတွက် စိတ်ချရသလောက် မာသီ့အတွက်တော့ အမေ ရင်မအေးပါဘူးကွယ်"

"အမေကလဲဗျာ။ သူ့ရွေးချယ်မှုလေ။ သူလဲ အသိပညာရှိပါတယ်။ အမေသာ စိတ်အေးအေးနေပါ"

"နေမရလို့ပေါ့။ မင်းညီမလေ အမေပေးလိုက်တဲ့ရွှေတွေရောင်းပြီး ဆိုင်ကယ်အကောင်းစားတွေဝယ်၊ သူ့ယောက်ျားကိုလဲ အဝတ်အကောင်းစားတွေဝယ်ဆင်နဲ့။ အပေါ်ယံ အလှအပကို မက်မောနေတယ်"

ကျွန်တော်လည်း သိနေပါသည်။ ခေတ်မီချင်လွန်းသော ညီမလေးက အမေ့အုပ်ထိန်းမှုမှ လွတ်သည်နှင့် သူ့သဘောကျလုပ်နေတော့သည်။ လခစားများဖြစ်သော်လည်း စည်းစနစ်မရှိ။ ညနေတိုင်း ကမ်းနားလမ်းတွင် သရေစာများစားသောက်ကာ အသုံးနှင့်အဖြုန်းမခွဲခြားဘဲ ပျော်သလိုနေကြသည်။

(၅)

အဖေအသက်ရှူကျပ်၍ အရေးပေါ်ဆေးရုံတင်လိုက်ရသည်။ အမေဖုန်းဆက်ခေါ်သည်နှင့်အလုပ်ထဲမှ ကျွန်တော်ဆေးရုံသို့ ပြေးရတော့သည်။

"အမေ အဖေ ဘယ်လိုနေလဲ"

"အခုတော့ မှိန်းနေတယ်သားရေ။ အရေးပေါ်ဆေးတွေထိုးထားတာပဲ။ လိုအပ်တဲ့ဆေးစစ်ချက်တွေလုပ်ထားတယ်"

ဝေသီနှင့် မာသီလည်း ရောက်လာကြသည်။ အဖေ့ဆေးစစ်ချက်များအရ နှလုံးသွေးကြောကျဉ်းနေသည်ကို ခွဲစိတ်ကုသရမည်ဟု သိရသည်။

"သားကြီးရေ အမေ့ရွှေတွေသွားရောင်းလိုက်ကွယ်။ မန္တလေးဆေးရုံကြီးမှာ မင်းအဖေကို ခွဲစိတ်ကုသရမယ်"

ဝေသီကလည်း သူ့မှာရှိသောရွှေထည်လေးရောင်းကာ အမေ့လက်ထဲသို့ ငွေလာပေးသည်။ မာသီကတော့ လူသာလိုက်လာနိုင်သည်။ အသက်ကြီးနေပြီဖြစ်သော အဖေ့ကို ခေတ်မီဆေးဝါးများဖြင့် ကောင်းမွန်အောင် ခွဲစိတ်ကုသနိုင်ခဲ့သည်။

"အမေပြောတာဟုတ်တယ်နော်။ ရွှေဆိုတာက မိဘလိုကိုးကွယ်လို့ရတယ်။ သားသမီးအတွက် ငွေဖြစ်ပေးဖို့ အဆင်သင့်ရှိနေပေးတာမျိုး"

"အခုလက်တွေ့သိပြီလား။ ငါ့သမီး မာသီရေ လိုအပ်တာပဲသုံးပါ။ ဝယ်ပါ။ စည်းစနစ်ထားပါ။ ငါ့သမီးကလှပြီးသားပါ။ အရိုးကိုအရွက်မဖုံးနဲ့။ တဒင်္ဂလှဖို့ မလိုတာမလုပ်ပါနဲ့အေ။ အိမ်ထောင်ရှင်မိန်းမဆိုတာက စီးတဲ့ရေ ဆည်တဲ့ကန်သင်းလိုနေတတ်ရမယ်။ ရှေ့ရေးကို ကြိုတွေးပြီး စုဆောင်းတတ်ရမယ်။ အိမ်ရှင်မတဲ့ ကိုယ့်အိမ်ကို အမြဲရှင်သန်နေအောင် မတတ်ရမယ်"

"ဟုတ်ကဲ့ပါအမေ။ သမီးနားလည်ပါပြီ"

အဖေ့ကို လူနာသတင်းလာမေးသော ကျွန်တော့်ချစ်သူခင်ယုမွန်က အမေနှင့် မာသီတို့ပြောနေသော စကားများကို စိတ်ဝင်တစားနားထောင်နေသည်။ ခင်ယုမွန်က အမေ့ကို လေးစားစွာကြည့်နေသောအကြည့်ကြောင့် ကျွန်တော်ကျေနပ်နေမိသည်။ အမေ့ချွေးမအဖြစ်နှင့် အမေ့သဘောထားများကို သူလက်ခံလိုက်နာနိုင်လိမ့်မည်ဟု ကျွန်တော်ယုံကြည်နေသည်။

## လယ်ထွန်ချိန်

\- ဘယ်မခွာ တွယ်တာမောပါဘိ
လယ်ယာတော တို့ချစ်ခင်၊
နွားနှစ်ကောင် အားဆောင်ရုန်းသမို့
ကြွားခေါင်နှုန်းသွင်၊
တွန်မပျက် ထွန်ယက်ငင်
ညွှန်ထက်တွင် အပြိုင်ပြေး၊
ဖြိုးမသွေ မိုးစွေဖြည့်ပြန်တော့
ရိုးရေပြည့်ဖွေး။

\- ခွင်နဘံ ရှင်သံတေးရယ်နှင့်
နှင်တံလေး မြှောက်ပင့်ပုံ၊
ဆက်ရက်ကျော် ငှက်တော်စွေ့ငယ်တို့
ယှက်ပျော်မွေ့အုံ၊
အစာမရှား လာသွားခုန်
ရှာစားမကုန် ပေါက်ဖတ်ပိုး၊
ဖျိုင်းအဖြူ ကျိုင်း ခူထွက်တော့
ဝိုင်းယူလျက်ထိုး။

\- မေကညာ ရွှေကြာချိုးပါလို့
နေဖြာညိုး ဆည်းဆာညို၊
ချိန်ဝသန် တိမ်ဟန်ညို့လေတော့
အိမ်ပြန်စို့ကြို၊
လယ်ကန်သင်း သူငယ်ချင်းပျို
ကြွယ်သီချင်းဆို သာယာခွန်း၊
ပြောမကုန် ချောပုံလှပါဘိ
တောလုံမညွှန်း။ ။

**သပြေညို**

# သရက်မြို့နယ်၌ ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်း ပို့ချ

**သရက် ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဆောင်ရွက်မည့် မုဆိုးရင်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် RBF စီမံကိန်းကော်မတီဝင်များ စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ ရန်ပုံငွေစီမံခန့်ခွဲမှုနှင့်ငွေစာရင်းထိန်းသိမ်းနည်းသင်တန်း ပို့ချခြင်းကို ဇူလိုင် ၅ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်တန်က တက်ရောက်လာကြသော စီမံကိန်းကော်မတီဝင်များအနေဖြင့် မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်စေရန် သင်ယူတတ်မြောက်ထားသည့် ပညာများဖြင့် စီမံကိန်းရန်ပုံငွေများ စီမံခန့်ခွဲတတ်စေရန်နှင့် စာရင်းဇယားများ စနစ်တကျပြုစုတတ်စေရန်အတွက် အဆိုပါသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဆောင်ရွက်ရခြင်းရည်ရွယ်ချက်နှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သရက်မြို့နယ်အတွင်းရှိ မုဆိုးရင်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင် ခုနစ်ဦးနှင့် RBF စီမံကိန်းကော်မတီဝင် ခုနစ်ဦး တက်ရောက်ကြပြီး သင်တန်းတွင် ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်ခန်းစာများကို တစ်ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၄၇၄၁ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၄၇၄၁ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် မိုးစပါး ၁၉၉၈၂၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၇၄၁ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ မိုးစပါးဧက ၁၉၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိ မိုးစပါးဧက ၂၀၀၀၀ ကျော်စိုက်ပြီးနေပါပြီ။ မိုးစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မိုးစပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်နည်းလမ်းတွေ ဆောင်ရွက်ပေးသွားမယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မြို့နယ်အလိုက် မိုးစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၂၄၅၆၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၂၄ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၅၂ ဧကတို့ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၉၉၅၈၂ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၈၉၈၉ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၆၁၂၅၂ ဧက စုစုပေါင်း ၁၉၉၈၂၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကောလင်းခရိုင်တွင် မိုးစပါးစိုက်ပျိုးမည့်တောင်သူများအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် မိုးစပါး ၁၉၉၈၂၃ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ခုနှစ် မေလမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါးဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။(၂၀၆)

# မိုင်းတုံမြို့နယ်၌ အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

**မိုင်းတုံ ဇူလိုင် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးလက်နေအမျိုးသမီးများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ အဆင့်မြင့် စက်ချုပ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ သင်တန်း၌ သင်ကြားပို့ချမည့် ဘာသာရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းသို့ မိုင်းတုံမြို့နယ်အတွင်းရှိ စမ်းသီတာ(၅)မိုင်ကျေးရွာ၊ လွယ်ဆမ်းကျေးရွာ၊ ဖာချယ်ကျေးရွာ၊ ဟောင်လီကျေးရွာ၊ ပန်ကျိုင်းကျေးရွာ၊ ပိန်းမုံကျေးရွာ၊ နေဝင်ပါရင် (ရွာသစ်)ကျေးရွာနှင့် ပါခါးကျေးရွာတို့မှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက စာတွေ့၊လက်တွေ့ဖြင့် ဇူလိုင် ၅ ရက်မှ ဇူလိုင် ၂၅ ရက်ထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်နိုင်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# နယ်သာလန်နိုင်ငံတွင် နွေရာသီမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး ရာနှင့်ချီသောလေကြောင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ရ



**အမ်စတာဒမ် ဇူလိုင် ၆**

နယ်သာလန်နိုင်ငံတွင် နွေရာသီမုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး ရာနှင့်ချီသော လေကြောင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ရကြောင်း နယ်သာလန်အမျိုးသားမိုးလေဝသဌာန၏ ဇူလိုင် ၅ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ France 24 သတင်းဌာနက ဇူလိုင် ၅ ရက်တွင် ရေးသား ဖော်ပြထားသည်။

နယ်သာလန်နိုင်ငံတွင် Poly ဟု အမည်ပေးထားသော နွေရာသီမုန်တိုင်းသည် ဇူလိုင် ၅ ရက်က တစ်နာရီ မိုင် ၉၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ရာ သစ်ပင်အများအပြား ပြိုလဲခဲ့ပြီး အမျိုးသမီးတစ်ဦး ကားပေါ်တွင် သစ်ပင်ပိ၍ သေဆုံးခဲ့ကြောင်း၊ မြို့တော်အမ်စတာဒမ်တွင် လေကြောင်းခရီးစဉ် ၄၀၀ ကျော်ကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် မြို့တော်အနှံ့သစ်ပင်အများအပြား လဲပြိုခဲ့ပြီး မြို့တွင်းလမ်းများပေါ်ရှိ ကားများနှင့် အိမ်များပေါ်တွင် သစ်ပင်နှင့်အပျက်အစီးများ ပိနေခဲ့ကာ လူအများအပြားထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုန်တိုင်း တိုက်ခတ်မှုကြောင့် အမ်စတာဒမ်မြို့အပါအဝင် နောဒ်ဟော်လန်ပြည်နယ်တွင် နေထိုင်သူများကို အနီရောင်အဆင့်သတိပေးချက်ထုတ်ပြန်ထားပြီး တတ်နိုင်သမျှ နေအိမ်ပြင်ပ ထွက်ခွာခြင်း မပြုရန်နှင့် အန္တရာယ်ရှိသောအခြေအနေများဖြစ်ပေါ်ပါက အရေးပေါ်ဝန်ဆောင်မှုဖုန်းများမှ ခေါ်ဆိုအကူအညီတောင်းခံရန် အမျိုးသားမိုးလေဝသဌာနက တိုက်တွန်းထားကြောင်း သိရသည်။

AZH

# ကမ္ဘာ့အပူချိန်အမြင့်ဆုံးနေ့အဖြစ် ဇူလိုင် ၃ ရက် မှတ်တမ်းဝင်ခဲ့

**ဝါရှင်တန် ဇူလိုင် ၆**

အမေရိကန်နိုင်ငံ အခြေစိုက် အမေရိကန်အမျိုးသားသဘာဝပတ်ဝန်းကျင်ဆိုင်ရာခန့်မှန်းရေးစင်တာ (NCEP)မှ သုတေသီများက ဇူလိုင် ၃ ရက်သည် ကမ္ဘာ့အပူချိန်အမြင့်ဆုံးနေ့အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ဇူလိုင် ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ဇူလိုင် ၃ ရက်က ၁၇ ဒသမ ၀၁ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ်လက ကမ္ဘာ့အပူချိန်အမြင့်ဆုံးနေ့အဖြစ် မှတ်တမ်းဝင်ထားသည့် ယခင်စံချိန်ဟောင်း ၁၆ ဒသမ ၉၂ ဒီဂရီစင်တီဂရိတ်ကိုကျော်ဖြတ်သွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အမျိုးသားသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခန့်မှန်းရေးစင်တာ(NCEP)က ထုတ်ပြန်ခဲ့သည်။

"စံချိန်တင်သွားဆိုတဲ့အရာမှာ အောင်ပွဲခံသင့်တဲ့ စံချိန်မှတ်တမ်းမျိုးရှိသလို ထိတ်လန့်သင့်တဲ့ စံချိန်မှတ်တမ်းတွေလဲရှိပါတယ်။ အပူချိန် ကမ္ဘာ့စံချိန်မြင့်တက်ခဲ့တာဟာ အောင်ပွဲခံသင့်တဲ့ စံချိန်မှတ်တမ်းမဟုတ်ပါဘူး။ အပူချိန် စံချိန်တင်မြင့်တက်ခဲ့တာဟာ လူသားတွေနဲ့ ဂေဟစနစ်ပေါ်မှာ သေမိန့်ချမှတ်လိုက်သလိုပါပဲ။ အပူချိန်စံချိန်တင်မြင့်တက်ခဲ့ရတဲ့ အကြောင်းရင်းကလဲ အယ်လ်နီညိုရာသီဥတုကြောင့်ဖြစ်ပါတယ်။ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်လာရတာကလဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအားနည်းလို့ဖြစ်ပါတယ်"ဟု လန်ဒန်မြို့အခြေစိုက် Imperial College London မှ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂရေဟမ်အင်စတီကျူမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သုတေသီတစ်ဦးဖြစ်သူ ဖရက်ဒီရိုက်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က အမေရိကန်နိုင်ငံတောင်ဘက်ပိုင်း ပြည်နယ်များနှင့် တရုတ်နိုင်ငံတို့တွင် အပူချိန်ဆက်တိုက်မြင့်တက်ခဲ့ကြောင်း၊ ဇူလိုင် ၃ ရက်တွင် တရုတ်နိုင်ငံ၏ အမြင့်ဆုံးအပူချိန်မှာ ၃၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ရှိခဲ့ပြီး မြောက်အာဖရိကတိုက်ရှိ နိုင်ငံများတွင် အပူချိန်မှာ ၅၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# နယူးဇီလန်နိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ်ပွားလေ့ရှိသောဧရိယာများ၌ တည်ဆောက်ထားသည့် နေအိမ်ပေါင်း ၄၀၀၀၀၀ ကျော်ထိရှိ

**ဝယ်လင်တန် ဇူလိုင် ၆**

နယူးဇီလန်နိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ်ပွားလေ့ရှိသော ဧရိယာများ၌ တည်ဆောက်ထားသည့် နေအိမ်ပေါင်း ၄၀၀၀၀၀ ကျော်ထိရှိကြောင်း နယူးဇီလန်နိုင်ငံ အော့ကလန်အခြေစိုက် အမျိုးသားရေထုနှင့် လေထုဆိုင်ရာ သုတေသနအင်စတီကျူက ထုတ်ပြန်ခဲ့သည်ဟု RNZ သတင်းဌာနက ဇူလိုင် ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နယူးဇီလန်နိုင်ငံသည် ရေဧရိယာများပြားသည့် နိုင်ငံဖြစ်ရာ မိုးရာသီရောက်တိုင်း ရေဘေးအန္တရာယ်ကြောင့် ကြီးမားသည့် ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ရလေ့ရှိကြောင်း၊ မိုးရာသီရောက်တိုင်း နေအိမ်ပေါင်း ၄၀၀၀၀၀ ကျော်သည် ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်နေရပြီး အဆိုပါနေအိမ်များ၏ စုစုပေါင်းတန်ကြေးမှာ အမေရိကန်ဒေါ်လာ ၂၁၈ ဘီလီယံထိရှိကြောင်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

"မလိုလားအပ်တဲ့ ဖျက်စီးဆုံးရှုံးမှုတွေ မဖြစ်ပေါ်စေဖို့အတွက် အရေးကြီးဆုံး သိထားသင့်တဲ့ အချက်ကတော့ ဘယ်လိုနေရာတွေက ရေကြီးရေလျှံမှုဖြစ်ပွားလေ့ရှိတဲ့ ဧရိယာတွေဖြစ်သလဲဆိုတာပါပဲ။ သုတေသနရလဒ်တွေအရ ရေဘေးအန္တရာယ်ဖြစ်ပေါ်လေ့ရှိတဲ့နေအိမ်ဟာ ၄၀၀၀၀၀ ကျော်ထိ ရှိနေပါတယ်။ ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိတဲ့ဧရိယာတွေကိုလဲ မြေပုံနဲ့တကွ ထုတ်ပြန်ထားပါတယ်။ ဒီဧရိယာထဲမှာတည်ရှိနေတဲ့ နေအိမ်တွေ၊ အခြေခံအဆောက်အအုံတွေအနေနဲ့ လိုအပ်တဲ့ကြိုတင်ကာကွယ်မှုတွေ ပြုလုပ်ထားနိုင်ဖို့ လိုအပ်ပါတယ်" ဟု အမျိုးသားရေထုနှင့် လေထုဆိုင်ရာ သုတေသနအင်စတီကျူမှ သုတေသီတစ်ဦးဖြစ်သူ ရိုင်ယန်ပေါလစ်က ပြောကြားခဲ့သည်။



အဆိုပါ နေအိမ် ၄၀၀၀၀၀ ကျော်အနက် ၂၈၀၀၀၀ ကျော်မှာ လုံးချင်းအိမ်ရာများဖြစ်ပြီး နေအိမ် ၁၅၀၀၀၀ ကျော်မှာ တိုက်ခန်းများဖြစ်ကြောင်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# အိုက်စလန်နိုင်ငံ၏မြို့တော် ရိုက်ဗျစ်တွင် ၂၄ နာရီအတွင်း ငလျင်အကြိမ်ရေ ၂၂၀၀ ခန့်လှုပ်ခတ်

**ရိုက်ဗျစ် ဇူလိုင် ၆**

အိုက်စလန်နိုင်ငံ၏ မြို့တော် ရိုက်ဗျစ်တွင် ဇူလိုင် ၅ ရက်က ၂၄ နာရီအတွင်း ငလျင်အကြိမ်ရေ ၂၂၀၀ ခန့် လှုပ်ခတ်ခဲ့ကြောင်း အိုက်စလန် ငလျင်အေဂျင်စီ၏ ထုတ်ပြန်ချက်များကို ကိုးကား၍ Khaleej Times သတင်းဌာနက ဇူလိုင် ၅ ရက်တွင် ရေးသားဖော်ပြထားသည်။

အိုက်စလန်နိုင်ငံ အနောက်တောင်ဘက်ကျွန်းဆွယ်တစ်ခုဖြစ်သော ရိုက်ဗျစ်ကျွန်းဆွယ်တွင် ပြီးခဲ့သည့် နှစ်နှစ်က မီးတောင်ပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ဖူးပြီး ယခုအခါ အဆိုပါမီးတောင်မှ ထပ်မံပေါက်ကွဲနိုင်သော အခြေအနေများ ဖြစ်ပေါ်ခြင်းကြောင့် ယခုကဲ့သို့ ငလျင်အကြိမ်ရေများစွာ လှုပ်ခတ်ခြင်းဖြစ်ကြောင်း အိုက်စလန်ငလျင်အေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် နှစ်နှစ်ခန့်က မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ဖူးသော Fagrasalsfjall မီးတောင်အောက်ခြေတစ်ဝိုက်တွင် ဇူလိုင် ၄ ရက်ညနေ ၄ နာရီခန့်မှစ၍ ငလျင်လှုပ်ခတ်မှုများစတင်ခဲ့ပြီး ၂၄ နာရီအတွင်း အကြိမ်ရေ ၂၂၀၀ ခန့်ကို မှတ်တမ်းတင်နိုင်ခဲ့ကာ အချို့ငလျင်များမှာ မဂ္ဂနီကျု ၄ အဆင့်ရှိကြောင်း သိရသည်။

Fagrasalsfjall မီးတောင်သည် ဥရောပဒေသတွင် အကြီးမားဆုံးနှင့် အတက်ကြွဆုံးမီးတောင်တစ်ခုဖြစ်ပြီး သိသာထင်ရှားသော လှုပ်ရှားမှုများဖြစ်ပေါ်ခြင်းမရှိသေးသော်လည်း နာရီပိုင်း၊ ရက်ပိုင်းအတွင်း ပြောင်းလဲနိုင်သောအခြေအနေများ ဖြစ်ပွားနိုင်ကြောင်း အိုက်စလန် ငလျင်အေဂျင်စီက ထုတ်ပြန်ထားသည်။

ငလျင်လှုပ်ခတ်မှုများကြောင့် လေကြောင်းခရီးစဉ်များအတွက် အစိမ်းရောင်မှ အဝါရောင်သတိပေးချက်ကို ပြောင်းလဲထုတ်ပြန်ထားပြီး ၂၀၂၂ ခုနှစ်က အဆိုပါမီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လေယာဉ်ခရီးစဉ်ပေါင်း ၁၀၀၀၀၀ ခန့်ကို ဖျက်သိမ်းခဲ့ရကာ ခရီးသည်ပေါင်း ၁၀ သန်းခန့် သောင်တင်မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ AZH

# တရုတ်နိုင်ငံ စီချွမ်းပြည်နယ်တွင် ရေဘေးသင့်ပြည်သူ ဦးရေ ၄၆၀၀၀၀ ကျော်ရှိနေ

**ပေကျင်း ဇူလိုင် ၆**

တရုတ်နိုင်ငံ စီချွမ်းပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ရေဘေးသင့်ပြည်သူဦးရေ ၄၆၀၀၀၀ ကျော်ထိရှိနေကြောင်း စီချွမ်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု People's Daily သတင်းဌာနက ဇူလိုင် ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စီချွမ်းပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူဦးရေ ၈၅၀၀၀ ကျော်ထိ ရှိနေပြီဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဒေသခံအမြောက်အမြားရှိနေသော်လည်း ထိခိုက်ဒဏ်ရာရရှိသူနှင့် သေဆုံးသူမရှိသေးကြောင်း ရေဘေးအန္တရာယ် ထိန်းချုပ်ရေးနှင့် မိုးခေါင်မှုပြန်လည်ထူထောင်ရေးစင်တာက အတည်ပြုခဲ့သည်။

"ဇူလိုင်လအတွင်းမှာ မိုးတွေ သည်းထန်စွာရွာသွန်းခဲ့တယ်။ မိုးရွာသွန်းတာကြောင့် တရုတ်နိုင်ငံအနောက်တောင်ဘက်ပိုင်း ပြည်နယ်တွေမှာ ဆိုးရွားတဲ့ ရေဘေးအန္တရာယ်နဲ့ရင်ဆိုင်နေရတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ပြည်နယ်တွေထဲမှာ စီချွမ်းပြည်နယ်လဲ ပါဝင်နေပါတယ်။ စီချွမ်းပြည်နယ်မှာ ရေဘေးအန္တရာယ်နဲ့ရင်ဆိုင်နေရတဲ့ ပြည်သူ ၄၆၀၀၀၀ ကျော်ထိရှိနေပါတယ်။ ဒီထဲမှာမှ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ပြည်သူ ၈၅၀၀၀ ကျော်ထိ ရှိနေပါတယ်။ ကံကောင်းတာတစ်ခုကတော့ ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ တစ်ယောက်မှမရှိသေးသလို သေဆုံးသူလဲတစ်ယောက်မှ မရှိသေးပါဘူး"ဟု ရေဘေးအန္တရာယ်ထိန်းချုပ်ရေးနှင့် မိုးခေါင်မှု ပြန်လည်ထူထောင်ရေးစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ရေဘေးအန္တရာယ်ထိန်းချုပ်ရေးနှင့် မိုးခေါင်မှုပြန်လည်ထူထောင်ရေးစင်တာက ကြိုတင်သတိပေးချက်များ ထုတ်ပြန်ထားသည့်အတွက် ထိခိုက်ဒဏ်ရာရရှိသူနှင့် သေဆုံးသူ မရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# အင်္ဂလန်နိုင်ငံက ဗိုလ်လုပွဲကျင်းပခွင့်ရထားတဲ့ ၂၀၂၃-၂၀၂၄ ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲ

ML




ယူအီးအက်ဖ်အေက ကျင်းပပြုလုပ်တဲ့ ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲဟာ လာမဲ့ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှာဆိုရင် ၆၉ ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲကို ၁၉၅၅ ခုနှစ်မှာ စတင်ခဲ့တာဖြစ်ပေမဲ့ အရင်ကတော့ ဥရောပချန်ပီယံကလပ်ဖလားဆိုတဲ့အမည်နဲ့ ကျင်းပနေခဲ့ရာကနေ ၁၉၉၂-၁၉၉၃ ဘောလုံးရာသီကစလို့ ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲအမည်နဲ့ ပြောင်းလဲကျင်းပခဲ့တာကို တွေ့ရမှာပါ။ ဒီပြိုင်ပွဲစတင်ကျင်းပချိန်မှာ ရီးရဲလ်မက်ဒရစ်အသင်းက ပထမဆုံးဆုဖလားဆွတ်ခူးနိုင်တဲ့အသင်းအဖြစ် မှတ်တမ်းဝင်ထားပြီး ၁၉၉၂-၁၉၉၃ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲအမည်ပြောင်းလဲခဲ့ချိန်မှာတော့ မာဆေးအသင်းက ချန်ပီယံဆုဖလားရခဲ့တဲ့ အသင်းအဖြစ်ရပ်တည်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့နှစ်မှာတော့ ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်ကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့မှာ ကျင်းပခွင့်ရခဲ့ပြီး အင်တာမီလန်နဲ့ မန်စီးတီးအသင်းတို့ ဗိုလ်လုပွဲကစားခဲ့ရာမှာ မန်စီးတီးအသင်းက တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရပြီး ချန်ပီယံဆုဖလားရရှိခဲ့တာဖြစ်ပါတယ်။ လာမဲ့ရာသီမှာတော့ ဗိုလ်လုပွဲစဉ်ကို အင်္ဂလန်နိုင်ငံက ကျင်းပခွင့်ရထားရာ လန်ဒန်မြို့ ဝင်ဘာလေကွင်းမှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဘယ်အသင်းတွေ ဗိုလ်လုပွဲတက်ရောက်သွားမလဲဆိုတာကလဲ စိတ်ဝင်တစားစောင့်ကြည့်သွားရမှာပါ။

## ဥရောပအဆင့်သတ်မှတ်ချက်နဲ့ ဝင်ခွင့်ရအသင်းများ

၂၀၂၃-၂၀၂၄ ရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲကိုတော့ ဥရောပအဖွဲ့ဝင်နိုင်ငံ ၅၅ နိုင်ငံရှိပေမဲ့ ရုရှားနဲ့ လက်ချင်စတိန်းနိုင်ငံက ကလပ်အသင်းတွေကလွဲရင် ကျန် ၅၃ နိုင်ငံက ကလပ်အသင်း ၇၈ သင်းက ပါဝင်ကစားခွင့်ရထားတာဖြစ်ပါတယ်။ အဲဒီနိုင်ငံလိုက်လိဂ်တွေထဲက ဥရောပအဆင့်သတ်မှတ်ချက်မှာ အင်္ဂလန်ကအဆင့်(၁)ဖြစ်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်လေးသင်းရရှိခဲ့တာကို တွေ့ရမှာပါ။ အဲဒီအသင်းတွေကတော့ ပရီးမီးယားလိဂ်ဆုဖလားရရှိခဲ့တဲ့ မန်စီးတီးအသင်း၊ အာဆင်နယ်အသင်း၊ မန်ယူအသင်းနဲ့ နယူးကာဆယ်အသင်းတို့ဖြစ်ပါတယ်။ စပိန်ကလပ်လာလီဂါကတော့ အဆင့်(၂)မှာရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံဆုဖလားရခဲ့တဲ့ ဘာစီလိုနာ၊ ရီးရဲလ်မက်ဒရစ်၊ အေတီကို၊ ဆိုစီဒက်အသင်းတို့ဖြစ်ပါတယ်။ အဆင့်(၃)မှာ အီတလီစီးရီးအေဖြစ်ပြီး ချန်ပီယံဆုရခဲ့တဲ့ နာပိုလီ၊ လာဇီယို၊ အင်တာ မီလန်၊ အေစီမီလန်တို့ဝင်ခွင့်ရခဲ့တာကို တွေ့ရမှာပါ။ ဘွန်ဒက်လီဂါက အဆင့်(၄)မှာရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံဘိုင်ယန်မြူးနစ်၊ ဒေါ့မွန်၊ လိုက်ပ်ဇစ်နဲ့ ယူနီယံဘာလင်အသင်းတို့ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဥရောပအဆင့်(၅)နဲ့ (၆)က လိဂ်တွေက တစ်လိဂ်ကို သုံးသင်းစီသာဝင်ခွင့်ရရှိခဲ့တာဖြစ်ပြီး အဆင့်(၅)မှာရောက်ရှိခဲ့တဲ့ ပြင်သစ်လီဂူးက ပီအက်စ်ဂျီအသင်းနဲ့ လန်းအသင်းက တိုက်ရိုက်ဝင်ခွင့်နဲ့ မာဆေးအသင်းက ခြေစစ်ပွဲတတိယအဆင့်ကနေ ကစားရမှာဖြစ်ပါတယ်။ အဆင့်(၆)မှာတော့ ပေါ်တူဂီလိဂ်က ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံဆုရခဲ့တဲ့ ဘင်ဖီကာနဲ့ ပေါ်တိုက တိုက်ရိုက်ဝင်ခွင့်ရမှာဖြစ်သလို ဘရာဂါအသင်းကတော့ ခြေစစ်ပွဲတတိယအဆင့်က ဝင်ရောက်ယှဉ်ပြိုင်ရမှာကို တွေ့ရမှာပါ။ အဲဒီနောက်မှာတော့ အဆင့်(၇)ကနေ အဆင့်(၁၅)မှာ ရပ်တည်နေတဲ့ လိဂ်တွေက တစ်လိဂ်ကို နှစ်သင်းစီဝင်ခွင့်ရမှာဖြစ်ပြီး အဆင့်(၇)မှာ ရပ်တည်နိုင်ခဲ့တဲ့ နယ်သာလန်လိဂ်က ချန်ပီယံဖီရင်နူက တိုက်ရိုက်ဝင်ခွင့်နဲ့ ပီအက်စ်ဗွီအသင်းက ခြေစစ်ပွဲတတိယအဆင့်၊ အဆင့်(၈)မှာ ဩစတြီးယားလိဂ်က ဆဲလ်ဘတ်က တိုက်ရိုက်ဝင်ခွင့်နဲ့ စတမ်းဂရေ့စ်ကတော့ ခြေစစ်ပွဲတတိယအဆင့်က ကစားရမှာဖြစ်ပါတယ်။ အဆင့်(၉)မှာ စကော့တလန်လိဂ်က ဆဲလ်တစ်က တိုက်ရိုက်ဝင်ခွင့်နဲ့ ရိန်းဂျားက ခြေစစ်ပွဲကစားရမှာဖြစ်ပြီး အဆင့်(၁၀)မှာ ရုရှားလိဂ် ပါဝင်ခွင့်မရတာကို တွေ့ရမှာပါ။ အဆင့်(၁၁)မှာ ဆားဘီးယားလိဂ်က ဇီဗက်ဒါက တိုက်ရိုက်ဝင်ခွင့်နဲ့ တီအက်စ်စီက ခြေစစ်ပွဲတတိယအဆင့်၊ အဆင့်(၁၂)မှာ ယူကရိန်းလိဂ်က ရှက်တာဒိုးနက်အသင်းက တိုက်ရိုက်ဝင်ခွင့်နဲ့ ဒီနီပရိုအသင်းက ခြေစစ်ပွဲ ဒုတိယအဆင့်က စတင်ကစားရမှာဖြစ်သလို အဆင့်(၁၃)မှာ ဘယ်လ်ဂျီယံလိဂ်က အန့်ဝပ်က Play-off အဆင့်နဲ့ ဂျန့်က ခြေစစ်ပွဲဒုတိယအဆင့်မှာ ဝင်ရောက်ယှဉ်ပြိုင်ရမှာပါ။ အဆင့်(၁၄)မှာ ဆွစ်ဇာလန်လိဂ်က ယန်းဘွိုင်းက Play-off အဆင့်နဲ့ ဆာဗက်တီက ခြေစစ်ပွဲဒုတိယအဆင့်၊ အဆင့်(၁၅)မှာ ဂရိလိဂ်က အေအီးကေအသင်းက ခြေစစ်ပွဲတတိယအဆင့်နဲ့ ပါနာသီယာကို့စ်အသင်းက ခြေစစ်ပွဲဒုတိယအဆင့်ကနေ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ အဆင့်(၁၇)ကနေ အဆင့်(၅၅)ထိ အစဉ်လိုက် ရပ်တည်နေတဲ့ လိဂ်တွေကတော့ တစ်သင်းစီသာ ပါဝင်ယှဉ်ပြိုင်ရမှာဖြစ်ပေမဲ့ ခြေစစ်ပွဲဒုတိယအဆင့်၊ ပထမအဆင့်နဲ့ အကြိုခြေစစ်ပွဲအဆင့်တွေကနေ စတင်ကစားရမှာကို တွေ့ရမှာပါ။

## ချန်ပီယံလမ်းကြောင်းနဲ့ လိဂ်ဖလားလမ်းကြောင်း

အကြိုခြေစစ်ပွဲအဆင့်ကိုတော့ ဥရောပအဆင့်(၅၃)မှ (၅၅)ထိမှာ ရပ်တည်နေတဲ့ လိဂ်တွေက ချန်ပီယံအသင်းလေးသင်း ပါဝင်ခွင့်ရခဲ့ပြီး ပြီးခဲ့တဲ့ ဇွန် ၂၇ ရက်မှာ ဆီမီးဖိုင်နယ်အဆင့်၊ ဇွန် ၃၀ ရက်မှာ ဗိုလ်လုပွဲအဆင့်ကစားခဲ့တာဖြစ်ပြီး အိုက်စလန်အသင်း ဘရီဒါဘလစ်အသင်းက ခြေစစ်ပွဲပထမအဆင့်ကို တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ခြေစစ်ပွဲပထမအဆင့်မှာတော့ ဥရောပအဆင့်(၂၂)ကနေ အဆင့်(၅၁)မှာ ရှိနေတဲ့ လိဂ်တွေက ချန်ပီယံအသင်း ၂၉ သင်းနဲ့ အကြိုခြေစစ်ပွဲအဆင့်က တက်ရောက်လာတဲ့ တစ်သင်းနဲ့ စုစုပေါင်း အသင်း ၃၀ ကစားရမှာဖြစ်ပြီး အနိုင်ရတဲ့ ၁၅ သင်းဟာ ခြေစစ်ပွဲဒုတိယအဆင့်ကို တက်ရောက်နိုင်မှာဖြစ်ပါတယ်။

ခြေစစ်ပွဲ ဒုတိယအဆင့်မှာတော့ ဥရောပအဆင့် သတ်မှတ်ချက်ပေါ် မူတည်ပြီး လိဂ်ဖလားလမ်းကြောင်းနဲ့ ချန်ပီယံလမ်းဆိုပြီး နှစ်ခုခွဲထားတာကို တွေ့ရမှာပါ။ ခြေစစ်ပွဲ ပထမအဆင့်က တက်ရောက်လာတဲ့ အသင်း ၁၅ သင်းကတော့ ချန်ပီယံလမ်းကြောင်းကနေ ဝင်ရောက်ယှဉ်ပြိုင်ရမှာဖြစ်ပြီး ဥရောပအဆင့်(၁၇)က အဆင့်(၂၁)ထိရှိနေတဲ့ လိဂ်တွေက ချန်ပီယံအသင်း ငါးသင်းနဲ့ပေါင်းပြီး ရှုံးထွက်ကစားရမှာဖြစ်ပေမဲ့ ၁၀ သင်းသာ နောက်တစ်ဆင့်တက်ရောက်နိုင်မှာဖြစ်ပါတယ်။ လိဂ်ဖလားလမ်းကြောင်းမှာတော့ ဥရောပအဆင့်(၁၂)မှ အဆင့်(၁၅)ထိ လိဂ်တွေက ချန်ပီယံလေးသင်းက ရှုံးထွက်ကစားရပြီး အနိုင်ရတဲ့နှစ်သင်းက ခြေစစ်ပွဲတတိယအဆင့်ကို တက်ရောက်နိုင်မှာဖြစ်ပါတယ်။ ဒုတိယအဆင့်ပွဲစဉ်တွေကိုတော့ ဇွန် ၂၁ ရက်က မဲခွဲခဲ့တာဖြစ်ပြီး လာမဲ့ ဂျူလိုင် ၂၅ ရက်၊ ၂၆ ရက်မှာ ပထမအကျော့၊ ဩဂုတ် ၁ ရက်၊ ၂ ရက်မှာ ဒုတိယအကျော့ကစားရမှာပါ။

ချန်ပီယံလမ်းကြောင်းမှာ ခြေစစ်ပွဲတတိယအဆင့်မှာတော့ ဒုတိယအဆင့်က တက်ရောက်လာတဲ့ အသင်း ၁၀ သင်းက ဥရောပအဆင့်(၁၅)နဲ့ အဆင့်(၁၆)က လိဂ်ချန်ပီယံနှစ်သင်းနဲ့ပေါင်းပြီး ၁၂ သင်းရှုံးထွက်ကစားရမှာဖြစ်ပြီး ခြောက်သင်းက နောက်တစ်ဆင့်တက်ရောက်မှာဖြစ်ပါတယ်။ လိဂ်ဖလားလမ်းကြောင်းမှာတော့ ဒုတိယအဆင့်က တက်ရောက်လာတဲ့နှစ်သင်းက ဥရောပအဆင့်(၇)ကနေ အဆင့်(၁၁)မှာရပ်တည်နေတဲ့ လိဂ်တွေက အမှတ်ပေးဇယားအဆင့်(၄)က အသင်းလေးသင်းနဲ့ ဥရောပအဆင့်(၅)နဲ့ အဆင့်(၆)က လိဂ်တွေက အမှတ်ပေးဇယားအဆင့်(၃)မှာ ရပ်တည်နိုင်ခဲ့တဲ့ အသင်းနှစ်သင်း စုစုပေါင်း အသင်းရှစ်သင်းက ရှုံးထွက်ကစားရမှာဖြစ်ပြီး လေးသင်းသာ နောက်တစ်ဆင့်တက်ရောက်ခွင့်ရရှိမှာဖြစ်ပါတယ်။ တတိယအဆင့် မဲခွဲပွဲကိုတော့ လာမဲ့ဂျူလိုင် ၂၄ ရက်မှာ ပြုလုပ်မှာဖြစ်ပြီး ဩဂုတ် ၈ ရက်၊ ၉ ရက်မှာ ပထမအကျော့၊ ဩဂုတ် ၁၅ ရက်မှာ ဒုတိယအကျော့ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

Play-off အဆင့်မှာတော့ ချန်ပီယံလမ်းကြောင်းက တက်ရောက်လာတဲ့ အသင်းခြောက်သင်းက ဥရောပအဆင့်(၁၃)နဲ့ အဆင့်(၁၄)က ချန်ပီယံနှစ်သင်းနဲ့ပေါင်းပြီး ရှုံးထွက်ကစားရမှာဖြစ်သလို လေးသင်းသာ တိုက်ရိုက်ဝင်ခွင့်ရရှိမှာဖြစ်ပါတယ်။ လိဂ်ဖလားလမ်းကြောင်းမှာတော့ တတိယအဆင့်က တက်ရောက်လာတဲ့လေးသင်းက Play-off ကစားရမှာဖြစ်ပြီး နှစ်သင်းသာ တိုက်ရိုက်ဝင်ခွင့်ရရှိမှာပါ။ အဲဒီအဆင့်မဲခွဲပွဲကိုတော့ ဩဂုတ် ၇ ရက်မှာပြုလုပ်မှာဖြစ်ပြီး ဩဂုတ် ၂၂ ရက်၊ ၂၃ ရက်မှာ ပထမအကျော့နဲ့ ၂၉ ရက်၊ ၃၀ ရက်မှာ ဒုတိယအကျော့ကစားသွားမှာဖြစ်ပါတယ်။

လက်ရှိမှာ ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ထားတဲ့ အသင်း ၂၆ သင်းရှိပြီး မဲအိုးသတ်မှတ်ချက်မှာတော့ နံပါတ်(၁)မှာ အင်္ဂလန်က မန်စီးတီးအသင်း၊ နယူးကာဆယ်အသင်း၊ စပိန်က ဆိုစီဒက်အသင်း၊ အီတလီက အေစီမီလန်အသင်း၊ ဂျာမနီက ယူနီယံဘာလင်အသင်း၊ ပေါ်တူဂီက ပေါ်တိုအသင်း၊ ဆားဘီးယားက ဇီဗက်ဒါအသင်းတို့ပါဝင်ပြီး မဲအိုးနံပါတ်(၂)မှာတော့ ယူရိုပါလိဂ်ချန်ပီယံ စပိန်ကလပ်ဆီဗီလာအသင်း၊ ဘာစီလိုနာအသင်း၊ အီတလီကလပ် နာပိုလီအသင်း၊ ဂျာမနီကလပ် ဘိုင်ယန်မြူးနစ်အသင်း၊ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်း၊ နယ်သာလန်ကလပ် ဖီရင်နူအသင်း၊ ယူကရိန်းကလပ် ရှက်တာဒိုးနက်အသင်းတို့ ပါဝင်နေတာဖြစ်ပါတယ်။ မဲအိုးနံပါတ်(၃)မှာတော့ အင်္ဂလန်က အာဆင်နယ်အသင်း၊ စပိန်က ရီးရဲလ်မက်ဒရစ်အသင်း၊ အီတလီကလပ် လာဇီယိုအသင်း၊ ဂျာမနီကလပ် ဒေါ့မွန်အသင်း၊ ပြင်သစ်ကလပ် လန်းအသင်း၊ ဩစတြီးယားကလပ် ဆဲလ်ဘတ်အသင်းတို့ပါဝင်နေပြီး မဲအိုးနံပါတ်(၄)မှာတော့ အင်္ဂလန်ကလပ် မန်ယူအသင်း၊ စပိန်ကလပ် အေတီကိုအသင်း၊ အီတလီကလပ် အင်တာမီလန်အသင်း၊ ဂျာမနီကလပ် လိုက်ပ်ဇစ်အသင်းနဲ့ စကော့တလန်ကလပ် ဆဲလ်တစ်အသင်းတို့ ပါဝင်နေတာကို တွေ့ရမှာပါ။

လက်ကျန်ခြောက်နေရာအတွက်ကတော့ ချန်ပီယံလမ်းကြောင်းက အသင်းလေးသင်းနဲ့ လိဂ်ဖလားလမ်းကြောင်းက အသင်းနှစ်သင်း ပါဝင်ခွင့်ရမှာဖြစ်ပြီး အုပ်စုအဆင့် မဲခွဲပွဲကိုတော့ လာမဲ့ ဩဂုတ် ၃၁ ရက်မှာ ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ၂၀၂၁-၂၀၂၂ ချန်ပီယံလိဂ်ဆုဖလားရခဲ့တဲ့ ရီးရဲလ်မက်ဒရစ်အသင်းကတော့ စုစုပေါင်းဝင်ငွေယူရို ၈၃ ဒသမ ၂ သန်းသာရရှိခဲ့ပြီး အဲဒီဆုကြေးငွေမှာ ယူအီးအက်ဖ်အေ စူပါလိဂ်ဖလားဆုကြေးယူရို ၄ ဒသမ ၅ သန်းပါဝင်နေခဲ့တာဖြစ်ပါတယ်။ ၂၀၂၂-၂၀၂၃ ချန်ပီယံလိဂ်ဖလားရရှိခဲ့တဲ့ မန်စီးတီးအသင်းကတော့ အုပ်စုအဆင့်ပွဲစဉ်တွေမှာ ရှုံးပွဲမရှိခဲ့တာကြောင့် ဝင်ငွေရရှိမှုပိုများခဲ့ပြီး စုစုပေါင်း ယူရို ၈၅ ဒသမ ၁၄ သန်းထိ ရယူနိုင်ခဲ့သလို အဲဒီထဲမှာ ယူအီးအက်ဖ်အေစူပါကလပ်ဖလား ဆုကြေးငွေမပါသေးတာကိုတွေ့ရမှာပါ။ အခုရာသီမှာ ချန်ပီယံလိဂ်ဆုဖလားရရှိတဲ့အသင်းဟာ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်၊ ယူအီးအက်ဖ်အေစူပါဖလားကစားခွင့်၊ ၂၀၂၅ ခုနှစ်မှာ အမေရိကန်နိုင်ငံမှာကျင်းပမဲ့ ကမ္ဘာ့ကလပ်ဖလားကိုလဲ ယှဉ်ပြိုင်ကစားခွင့်ရရှိသွားမှာဖြစ်ပါတယ်။

ဒါကြောင့် ဥရောပထိပ်သီးကလပ်အများစုဟာ ဘောလုံးရာသီတစ်ခုအတွင်းမှာ အမှတ်ပေးချန်ပီယံဆုဖလားရရှိရေးထက် ရာသီပိတ်သိမ်းရင် အနိမ့်ဆုံးချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ အဓိကပစ်မှတ်ထားကြသလို ဝင်ခွင့်ရခဲ့မယ်ဆိုရင်လဲ အသင်းရဲ့ ကစားသမားဖြည့်တင်းမှုတွေမှာ ငွေကြေးအမြောက်အမြားသုံးစွဲမှုပြုလုပ်နိုင်သလို ယူအီးအက်ဖ်အေရဲ့ ဝင်ငွေထွက်ငွေမျှတမှု စည်းမျဉ်းကိုလဲ ရှောင်လွဲနိုင်မှာဖြစ်လို့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဆုဖလားရဖို့သာ အဓိကယှဉ်ပြိုင်နေကြတာကို တွေ့ရမှာပါ။ ဒီပြိုင်ပွဲမှာ အောင်မြင်မှုအများဆုံးရထားတဲ့အသင်းကတော့ ရီးရဲလ်မက်ဒရစ်အသင်းဖြစ်ပြီး ဆုဖလား ၁၄ ကြိမ်ထိ ရရှိခဲ့တာဖြစ်ပါတယ်။ ဒုတိယမြောက်အောင်မြင်မှုရထားတဲ့အသင်းကတော့ အီတလီကလပ် အေစီမီလန်အသင်းဖြစ်ပြီး ဆုဖလားခုနစ်ကြိမ်ရရှိခဲ့သလို ဘိုင်ယန်မြူးနစ်အသင်းနဲ့ လီဗာပူးအသင်းတို့ကတော့ ဆုဖလားခြောက်ကြိမ်စီနဲ့ တတိယမြောက်အောင်မြင်မှုအများဆုံးရခဲ့တဲ့အသင်းတွေဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ မလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရန်၊ မြေဩဇာရရှိရန်၊ အောင်ရေများရရှိရန်နှင့် စိုက်နည်းစနစ်မှန်ကန်ရန် လိုအပ်ပြီး စနစ်တကျဖြင့် စိုက်ပျိုးကြရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၆-၇-၂၀၂၃)

| | | | |
|---|---|---|---|
| ကျောက်ဖြူ | ၄ ဒသမ ၈၄ လက်မ | မောင်တော | ၃ ဒသမ ၀၇ လက်မ |
| မိုးကောင်း | ၃ ဒသမ ၈၆ လက်မ | ပန်းတနော် | ၃ ဒသမ ၀၃ လက်မ |
| မာန်အောင် | ၃ ဒသမ ၁၉ လက်မ | သံတွဲ | ၂ ဒသမ ၇၂ လက်မ |
| | | ရေသုံ့တောင် | ၂ ဒသမ ၃၄ လက်မ |

---



၂၀၂၂ ခုနှစ်တွင်ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး၊ "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိစဉ်။

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၆**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃နှစ်က ဆင်ဖြူတော်အထီးကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင်မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ

စာမျက်နှာ ၁၉ ကော်လံ ၄ ☆


## ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း
ငါး/ပုဇွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)
ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)
ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com